## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည်စျာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**


# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၁၉)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၃ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။

## ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

စာ - ၃ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၃ ရက်)

## စီးပွားရေးအခွင့်အလမ်းကောင်းများရရှိစေရေး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်၍ အောင်မြင်အောင်ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **"နိုင်ငံတော်ရွှေသီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသည့်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် တောင်သူဦးကြီးများကအားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို အထွက်နှုန်းတိုးတက်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေး **"မျိုး၊ မြေ၊ ရေ၊ နည်း"** လိုအပ်ချက်(၄)ချက်တို့ကို ပြည့်စုံကောင်းမွန်ရေးအတွက် နိုင်ငံတော်ကလိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် လယ်ယာ၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များဖြည့်ဆည်းပေးရန် အလယ်အလတ်အဆင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းနှင့် စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်း ၈၉ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး စက်မှုလယ်ယာစနစ်ကျလယ်မြေကွက်များဖော်ထုတ်ပေးလျက်ရှိသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်၊ ပြင်ဆင်ထိန်းသိမ်းမှုသင်တန်းများကို စက်မှုလယ်ယာသင်တန်းကျောင်းများ၊ စက်ပြင်အလုပ်ရုံများနှင့်စက်မှုလယ်ယာစခန်းများတွင် စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

**"နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်"** ဆိုသည့်မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးရရှိရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍတို့ဖွံ့ဖြိုးရေးအတွက်လည်း ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အရည်အသွေးကောင်းမွန်သောဆန်များ ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူဦးကြီးများအတွက် အခွင့်အလမ်းကောင်းများရရှိစေရန်ရည်ရွယ်၍ Rice Export Zone (REZ) များအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် **"နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အခြေခံကျကျအကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသည့် တောင်သူလယ်သမားဦးကြီးများ၏ လိုအပ်ချက်များနှင့် သိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။ တောင်သူလယ်သမားဦးကြီးများကလည်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့်လုပ်ငန်းများကို စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်ရေး အလေးအနက်ထားကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း"** သဝဏ်လွှာတွင် တိုက်တွန်းဖော်ပြထားသည်။

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ဝင်ငွေတိုးတက်ရေး၊ ပြည်တွင်း၌ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရေးတို့အတွက် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးကိုလည်း အလေးထားကြိုးပမ်းလျက်ရှိသည်။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူလက်လှမ်းမီစိုက်ပျိုးနိုင်စေရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ဒေသအသီးသီးရှိ သီးနှံမျိုးများအလိုက် လိုအပ်သောမျိုးစေ့များကိုရရှိနိုင်စေရန် ဌာနဆိုင်ရာမျိုးစေ့ထုတ်ခြံများမှ မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်မျိုးစေ့ပွားများလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း၊မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနဆောင်ရွက်ချက်များကိုလေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကိုတွဲဖက်၍ အချိန်ကိုက်အချိုးကျသုံးစွဲစေခြင်း၊ သစ်စိမ်းမြေဩဇာအတွက် ပိုက်ဆန်လျှော်နှင့် ပဲမျိုးရင်းဝင်အပင်များကိုစိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း၊မြေဆွေးပုံပြုလုပ်သုံးစွဲခြင်းများကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဓာတ်မြေဩဇာများ စိုက်ပျိုးရာသီအမီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့ကိုပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် တောင်သူလယ်သမားကြီးများအနေဖြင့် စီးပွားရေးအခွင့်အလမ်းကောင်းများရရှိစေရေး နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ စိတ်အားထက်သန်စွာ လိုက်ပါဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးပြည်သူများဖြင့်စည်ကား

ကျောက်ဆည် မတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားတွင် တပေါင်းလပြည့်နေ့၌ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး သင်တောင်းကျေးရွာအနီးတွင်တည်ရှိကာ နေ့စဉ်ဘုရားဖူးပြည်သူများနှင့် အမြဲစည်ကားလျက်ရှိပြီး စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် နေ့ကြီး၊ ရက်ကြီးများတွင်လည်း ပို၍စည်ကားလျက်ရှိသည်။

ဘုရားဖူးလာသည့်ပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရေး ဂေါပကအဖွဲ့မှ မော်တော်ဆိုင်ကယ်များနှင့်မော်တော်ယာဉ်များ ရပ်နားရန်အတွက် ယာဉ်ရပ်နားကွင်းများ သီးသန့်ဆောင်ရွက်ပေးထားပြီး အမှတ်တရပစ္စည်းရောင်းချသည့် ဈေးဆိုင်ခန်းများလည်း စနစ်တကျဆောင်ရွက်ပေးထားကြောင်းနှင့် ဘုရားဖူးပြည်သူများ၏ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး လုံခြုံရေးဝန်ထမ်းများထားရှိပေးထားကြောင်း ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၏ ဂေါပကအဖွဲ့ဝင် ဦးချစ်ညွန့်ကပြောသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ရှင်အရဟံရဟန္တာကြီး ကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်းနှင့် သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းပါက တောင်းသည့်ဆုများပြည့်ဝသဖြင့် ဘုရားဖူးများ တစ်နေ့တခြားစည်ကားလာကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၃-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၄၄ / ၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ | နေပြည်တော်ကောင်စီ |
| ၂။ | ဦးစိုးသိန်း | ဝန်ကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၃။ | ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခက်ထိန်နန် | ဝန်ကြီးချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂။ | ဦးစောမြင့်ဦး | ဝန်ကြီးချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃။ | ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄။ | ဦးမြတ်ကို | ဝန်ကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅။ | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆။ | ဦးတင့်လွင် | ဝန်ကြီးချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇။ | ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၂။ | ဦးစိန်ဦး | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃။ | ဦးလွင်ဦး | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၄။ | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| ၂။ | ဗိုလ်ချုပ်အောင်မျိုးသန့် | ဒုတိယဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ်မင်းသူ | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ဦးနိုင်မင်းကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ | ဦးဟန်ဝင်းအောင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ | ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဦးသိုက်စိုး | ဒုတိယဝန်ကြီး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၈။ | ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဦးဇင်မင်းထက် | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၀။ | ဦးထိန်လင်း | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၁။ | ဦးတိုးရီ | အဖွဲ့ဝင် | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၁၂။ | ဗိုလ်ချုပ်ကိုလေး | ဒုတိယဝန်ကြီး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးစိုးကြည် | ဒုတိယဝန်ကြီး(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်အေးအေးမော် | တရားသူကြီးချုပ် | ကချင်ပြည်နယ်တရားလွှတ်တော် |
| ၁၅။ | ဦးထွန်းထွန်းဦး | တရားသူကြီးချုပ် | ကယားပြည်နယ်တရားလွှတ်တော် |
| ၁၆။ | ဦးညွန့်လင်း | တရားသူကြီးချုပ် | ကရင်ပြည်နယ်တရားလွှတ်တော် |
| ၁၇။ | ဒေါ်မိမိမော် | တရားသူကြီးချုပ် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၁၈။ | ဒေါ်မြအေး | တရားသူကြီးချုပ် | ရခိုင်ပြည်နယ်တရားလွှတ်တော် |
| ၁၉။ | ဒေါ်စန္ဒာသွယ် | တရားသူကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ၂၀။ | ဗိုလ်မှူးကြီးရဲမိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၁။ | ဦးဇေယျာလင်း | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၂။ | ဦးမင်းဦး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၃။ | ဦးဟန်သူ | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၄။ | ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၅။ | ဦးမျိုးဆွေ | စီးပွားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၆။ | ဦးတိန့်ဆောင် | သယံဇာတရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၇။ | ဦးမိုးမင်းသိန်း | လူမှုရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၈။ | ဦးခင်မောင်ထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၉။ | ဦးကျော်မင်းခိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၀။ | ဒေါ်နန်းလှလှအေး | ဥပဒေချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၁။ | ဗိုလ်မှူးကြီးသန်းစိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၂။ | ဦးစောဟူးဟူး | သယံဇာတရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၃။ | ဦးအောင်မျိုးသိန်း | လူမှုရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၄။ | ဦးအောင်မျိုးသန်း | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၅။ | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၆။ | ဦးကြည်မြိုင် | ဥပဒေချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၇။ | ဗိုလ်မှူးကြီးမင်းသူကျော် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၈။ | ဦးစောခင်မောင်မြင့် | စီးပွားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၉။ | ဦးညီညီဇော် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၀။ | ဦးစန်းကို | တိုင်းရင်းသားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၁။ | ဦးရဲလွင် | ဥပဒေချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၂။ | ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၃။ | ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၄။ | ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၅။ | ဦးဆွန်းဒုတ်ကျင့် | ဥပဒေချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၆။ | ဗိုလ်မှူးကြီးဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၇။ | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၈။ | ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၉။ | ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၀။ | ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၁။ | ဦးထွန်းထွန်းဝင်း | ဥက္ကဋ္ဌ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၂။ | ဦးမောင်ကြီး | စီးပွားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၃။ | ဦးခင်မောင်မြင့် | သယံဇာတရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၄။ | ဦးသက်နိုင် | လူမှုရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၅။ | ဦးအောင်ဇော်လှိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၆။ | ဦးစောမာတင်လူသာ | တိုင်းရင်းသားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၇။ | ဦးအုန်းသန်း | ဥပဒေချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၈။ | ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၉။ | ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၀။ | ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၁။ | ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၂။ | ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၃။ | ဦးခင်မောင်တင့် | ဥပဒေချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၄။ | ဗိုလ်မှူးကြီးမိုးမင်းသိန်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၅။ | ဦးအောင်ချိန် | စီးပွားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၆။ | ဦးစိုင်းမြင့်အေး | သယံဇာတရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၇။ | ဦးမျိုးမြင့် | လူမှုရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၈။ | ဦးအောင်သူဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၉။ | ဦးထွန်းခင် | တိုင်းရင်းသားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၀။ | ဦးတင့်ဝေ | ဥပဒေချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၁။ | ဗိုလ်မှူးကြီးနေလင်းစိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၂။ | ဦးသိန်းငွေး | စီးပွားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၃။ | ဦးရွှေဇင် | သယံဇာတရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၄။ | ဦးအောင်ကျော်မိုး | လူမှုရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၅။ | ဦးအောင်ဇော်ဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၆။ | ဦးစိုင်းနွမ် | တိုင်းရင်းသားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၇။ | ဦးကျော်ဆန်း | စည်ပင်သာယာရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၈။ | ဦးမြင့်အောင် | ဥပဒေချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၉။ | ဗိုလ်မှူးကြီးကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |

**စာမျက်နှာ ၄ သို့**

**■ စာမျက်နှာ ၃ မှအဆက်**

| | | | |
|---|---|---|---|
| ၈၀။ | နိုင်လယိတမ(ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၁။ | Dr အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၂။ | ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၃။ | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၄။ | ဦးမြင့်အောင် | ဥပဒေချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၅။ | ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၆။ | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၇။ | ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၈။ | ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၉။ | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၀။ | ဦးလှသိန်း | ဥပဒေချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၁။ | ဗိုလ်မှူးကြီးဝင်းတင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၂။ | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၃။ | ဦးဇော်ဝင်း | သယံဇာတရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၄။ | ဦးဌေးအောင် | လူမှုရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၅။ | ဦးကျော်ကျော်စိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၆။ | ဦးစောဂျက်ကော့ထူး | တိုင်းရင်းသားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၇။ | ဦးဗိုလ်ဌေး | စည်ပင်သာယာရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၈။ | ဒေါ်ဖြူမာဝေ | ဥပဒေချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၉။ | ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၀။ | ဦးခွန်သိန်းမောင် | စီးပွားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၁။ | ဦးစိုင်းလိတ် | သယံဇာတရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၂။ | ဦးမင်းမင်းလွင် | လူမှုရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၃။ | ဦးနေဝင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၄။ | ဦးအောင်ကြည်ဝင်း | တိုင်းရင်းသားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၅။ | ဦးစိုင်းကျော်ဇံ | ဥပဒေချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၆။ | ဦးအာကာလင်း | ဥက္ကဋ္ဌ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၇။ | ဦးခွန်ရဲထွေး | ဥက္ကဋ္ဌ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၈။ | တားသိန်းဇော် | ဥက္ကဋ္ဌ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ |
| ၁၀၉။ | ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၀။ | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၁။ | ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၂။ | ဒေါ်ခင်ခင်နွယ် | ဥပဒေချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'တက္ကသိုလ်ရောက်တာ ကြာပြီကွဲ့. . . အတွဲလေးတစ်ယောက်တော့ လိုချင်တယ် . . . မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ်. . . '

'သူများအတွဲတွေ မြင်ရင်ကွယ် . . . သားသားစိတ်မှာ မနေနိုင်တယ် . . .မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ်. . . '

တင်ထွန်းမောင်က ရှေ့ဘက်ခုံတွင်ထိုင်နေသော မိန်းကလေးများ ကြားအောင် အသံနေအသံထားဖြင့် သီဆိုနေသည်။ ကြားတွင် အားချိန် နှစ်ချိန်ဆက်ရှိနေပြီးမှ နည်းပြတန်းရှိသောကြောင့် စိတ်ရှည်လက်ရှည် ထိုင်မစောင့်လိုကြ၍ အလျှိုလျှိုပြန်ကုန်ကြသည်။

ပြန်သူများ ပြန်ကုန်သော်လည်း ညီလင်းတို့ကမူ မပြန်တော့ပေ၊ ဆက်၍စောင့်နေလိုက်သည်။ ရှေ့ဘက်တွင်လည်း မိန်းကလေးများ မပြန်ကြဘဲ နေကြာစေ့ဝါးရင်း၊ မရန်းသီးစားရင်း စကားတွတ်ထိုးနေကြသည်။

'တစ်ယောက်တည်း ယောင်လည်လည်. . . အဓိပတိ လမ်းမဝယ်၊ အများအတွဲတွေ မြင်ရင်ကွယ် . . . သားသားလေး အားငယ်၊ ညစဉ်ညတိုင်း ကွယ်. . . အတွဲအကြောင်းတွေးရင် . . . သားသားအိပ်မပျော်တယ်. . .'

ဖရုံစေ့လှော်စားနေသော မိန်းကလေးများက တင်ထွန်းမောင်ကို မျက်စောင်းလေးများ ချီးမြှင့်လိုက်ကြသည်။

'တော်ပါတော့ဗျာ၊ ခင်ဗျားကလည်း'

နွေသူရိန်က သဘောမကျသလို တင်ထွန်းမောင်၏ပါးစပ်ကို လက်ဝါးဖြင့်လှမ်း၍ပိတ်သည်။ တင်ထွန်းမောင်က သူ့ပါးစပ်ရှေ့ ဝဲလာသောလက်ကို တံတွေးဖြင့် 'ထွီ' ခနဲ လှမ်းထွေးလိုက်သည်။ နွေသူရိန် လက်အရုပ်မြန်သောကြောင့် တံတွေးမထိခြင်းဖြစ်သည်။

'ယုတ်လိုက်တာဗျာ'

'ငါ့ဟာငါ သီချင်းဆိုတာ ဘာလို့ပိတ်ပင်သလဲကွ'

'သိက္ခာကျတယ်ဗျ၊ ခင်ဗျားကလည်း'

'ဘာသိက္ခာလဲ၊ မင်းကတော့ အလှရှာပုံတော်ဖွင့်နေတဲ့မျက်လုံးလေးနဲ့ သမာဓိပိုး ပိုးတတ်တာကိုးကွ၊ အဲဒါမှ သိက္ခာရှိတာလား'

သူတို့နှစ်ဦး တကျိတ်ကျိတ်ဖြစ်နေစဉ် ညီလင်းညိုသည် ဘာမှဝင်မပြောမိဘဲ ငြိမ်သက်စွာငေးနေသည်။ ညစဉ်ညတိုင်း အိပ်မပျော်တယ် ဟူသော စာပိုဒ်ကလေးကို စိတ်ထဲမှရွတ်နေမိရင်း သူ့အစ်ကိုအား သတိရနေသည်။ စုလှိုင်ဆီသို့ သူဖုန်းဆက်ပြီး ပြောသည့်အကြောင်းကို စုလှိုင်က ပြန်ပြောပုံရသည်။ ထိုနေ့က တစ်နေ့လုံး ကိုကို့မျက်နှာကြီးမှုန်နေလေသည်။ သူ့ကိုလည်း သုံးရက်ခန့် စကားမပြောဘဲနေသည်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ညီလင်းညိုသည် ခပ်ကုပ်ကုပ်လေးနေရလေသည်။ မလှမ်းမကမ်းမှသာ သွားဖြဲပြပြီး မျက်နှာချိုသွေးနေသည်။ ဘာစကားမျှ သွားမပြောရဲပေ။ အမာညိုကပင် 'ကိုကိုဘာဖြစ်နေတာလဲ ညီလင်းရဲ့' ဟု လာမေးသေးသည်။ ညီလင်းသည် ခေါင်းကိုအတွင်ခါပြီး 'သိဘူးဗျ' ဟု ဖြောင်ညာလွှတ်လိုက်ရလေသည်။ 'သူ့ဟာသူ အသည်းကွဲလို့မက ဟက်တက်ကြီးပြဲပြဲ ငါက ဘာလို့ ကြားကဝင်ရှုပ်မိပါလိမ့်' ဟုတွေးရင်း ကိုယ့်နဖူးကိုယ်ပင် ကိုယ့်ဟာကိုယ် ဖနောင့်နှင့်ပေါက်ချင်စိတ်ပေါက်လာသည်။

'တော်ပြီကွာ၊ ကြာတယ် ငါတော့ လစ်တော့မယ်'

> **"ညီလင်းက အောင့်သက်သက်ပြောလိုက်သည်။ မတိုပါဘူးဟု ပြောမည့်သာပြောလိုက်ရသော်လည်း စိတ်ထဲကမကြိုက်သည်ကား အမှန်ပင်။ နွေသူရိန်သည် သူ၏အခင်ဆုံးသူငယ်ချင်းဖြစ်သော်လည်း သက်သက်နှင့်ဆက်စပ်ကြည့်၍မရပေ။ စိတ်ကူးလေး တယဉ်ယဉ်နှင့် အချစ်ကဗျာများကိုသာ တကုန်းကုန်း ရေးစပ်နေသော ကဗျာဆရာနှင့်သက်သက်ကို သဘော မတူချင်ပေ။ သက်သက်ကထက်မြက်ပြီး နွေသူရိန်က ပျော့စိစိဖြစ်နေသလို ခံစားရသည် . . ."**

တင်ထွန်းမောင်က နေရာမှဦးစွာထသည်။ ကုပ်ဖွာနေသော ရုပ်အင်္ကျီ ပင်နီတိုက်ပုံနှင့် ပုဆိုးတိုတိုဝတ်ထားသော တင်ထွန်းမောင်သည် နိုင်ငံရေးသမားပေါက်စလေးနှင့်တူနေသည်။ သူသည် ဖခင်ရှိသူမဟုတ်ချေ။ မိခင်မုဆိုးမကြီးနှင့် ညီငယ်၊ ညီမငယ်သုံးယောက်ရှိသေးသည်။ အစိုးရထောက်ပံ့ကြေးရသောကြောင့်သာ တက္ကသိုလ်ပညာကို တက်ရောက်သင်ကြားနိုင်ခဲ့သူဖြစ်သည်။

'ကျွန်တော်လည်း လစ်မယ်ဗျာ'

နွေသူရိန်က ဒုတိယထသည်။ သူ့မိဘများက ကုန်သည်ဖြစ်ပြီး တစ်ဦးတည်းသောသားမို့ သူ့ကို အလိုလိုက်လေသည်။ တိုက်မဆောက်နိုင်၊ ကားမစီးနိုင်သော်လည်း နွေသူရိန်သည် ဖောဖောသီသီလေးသုံးပြီး ကဗျာထိုင်စပ်နေနိုင်သူဖြစ်သည်။

'ဘယ်သွားကြမှာလဲ'

'ငါကတော့ အိမ်ပြန်မယ်၊ ငါ့ညီလေးဖျားနေတယ်'

'ကျွန်တော်ကတော့'

နွေသူရိန်သည် ပျင်းတိပျင်းတွဲထိုင်နေသော ညီလင်းညိုအား ပြုံး၍ကြည့်ကာ စကားဖြတ်လိုက်သည်။ တင်ထွန်းမောင်က ဟိန်းသံဖြင့် 'ဆိုလေကွာ ဘယ်လဲ' ဟု ထပ်မေးသောအခါမှ 'ဆရာမလေးဆီကို'ဟု ပြောသည်။

'မမသက်ဆီကိုလား'

'အင်း'

'ဘာလုပ်ဖို့လဲ'

'ဒီလိုပဲပေါ့၊ သူ့မျက်နှာလေးကြည့်ရအောင်လို့၊ မင်းအစ်မအရင်းလည်း မဟုတ်ဘဲနဲ့ မတိုပါနဲ့ညီလင်းရ'

'တိုပါဘူးဗျာ၊ ရအောင်ပိုးနိုင်ရင်ယူပေါ့'

ညီလင်းက အောင့်သက်သက်ပြောလိုက်သည်။ မတိုပါဘူးဟု ပြောမည့်သာပြောလိုက်ရသော်လည်း စိတ်ထဲက မကြိုက်သည်ကား အမှန်ပင်။ နွေသူရိန်သည် သူ၏အခင်ဆုံးသူငယ်ချင်းဖြစ်သော်လည်း သက်သက်နှင့်ဆက်စပ်ကြည့်၍မရပေ။ စိတ်ကူးလေးတယဉ်ယဉ်နှင့် အချစ်ကဗျာများကိုသာ တကုန်းကုန်းရေးစပ်နေသော ကဗျာဆရာနှင့် သက်သက်ကို သဘောမတူချင်ပေ။ သက်သက်က ထက်မြက်ပြီး နွေသူရိန်က ပျော့စိစိဖြစ်နေသလို ခံစားရသည်။

'ဘာမှာဦးမလဲ ညီလင်း'

နွေသူရိန်က လိုက်ခဲ့ပါလားဟု မခေါ်။ ဘာမှာဦးမလဲဟူ၍သာ မေးသဖြင့် ညီလင်းပြုံးလိုက်မိသည်။

'မမသက် ဘယ်နေ့အိမ်ပြန်မှာလဲလို့ မေးခဲ့ပါ'

'ဘာလုပ်ဖို့လဲဟင်'

'ဘာလုပ်လုပ်ပေါ့၊ မင်း မမေးခဲ့ရင်လည်းနေ၊ သူ့အမေ သွားမေးလို့ရတာပဲ'

'မေးခဲ့ပါမယ်ကွ'

သူတို့ထွက်သွားသောအခါ ညီလင်းညိုတစ်ဦးတည်းကျန်ခဲ့လေသည်။ အတန်းမပျက်လိုသောကြောင့် နောက်တစ်ချိန်ကို ပျင်းပျင်းနှင့်ထိုင်စောင့်နေရသည်။ သို့သော် စောင့်ရကျိုးမနပ်ချေ။ နည်းပြဆရာ ဖျားနေသောကြောင့် မလာနိုင်ကြောင်း လာ၍ပြောသည်။ လေးငါးဆယ်ယောက်လောက်သာ ကျန်တော့သော ကျောင်းသား၊ ကျောင်းသူများလည်း ညည်းညူပြီး ထထွက်လာကြလေသည်။ အလိမ္မာစိတ်ကလေးဝင်ကာ စိတ်ရှည်လက်ရှည်ထိုင်စောင့်သောနေ့မှ ဆရာဖျားနေသဖြင့် ညီလင်းလည်း စိတ်ညစ်သွားသည်။ ဘယ်သွားရမည်မသိဘဲ ယောင်လည်လည်ထွက်လာခဲ့လေသည်။

အိမ်မပြန်ချင်သေး။ သည်အထဲတွင် အမာညိုနှင့်ပေါက်ကျိုင်းကို သတိရလာသောကြောင့် စီးပွားရေးတက္ကသိုလ်ဘက်သို့ ထွက်လာခဲ့သည်။ ကျောင်းရှေ့တွင် အထင်ကရစိုက်ပျိုးထားသော မျောက်ငိုပင်ကြီးမှအသီးများကို ခူးယူရန်ဖြစ်လေသည်။

'ဟေ့ ညီလင်းညို၊ ဘာလာလုပ်တာလဲ'

ကျောင်းအပေါ်ထပ်မှ ကျောင်းသားတစ်ဦးက အော်၍နှုတ်ဆက်သည်။ ညီလင်းသည် သူ့ကိုလှမ်း၍လက်ပြလိုက်သည်။ မျောက်ငိုသီးခူးမည့်အကြောင်းကိုကား အော်မပြောချင်၍ မပြောတော့ပေ။

**ဆက်လက်ဖော်ပြပါမည်။**

# တပေါင်းလပြည့်နေ့၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့်စည်ကား





**ရန်ကုန် မတ် ၂**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခု အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးတင်လှူဆက်ကပ်လှူဒါန်းပွဲနှင့် (၂၆၁၄) နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်အောင်ပွဲ ရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးတင်လှူဆက်ကပ်လှူဒါန်းပွဲကို နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက်မုခ်ရှိအောင်မြေ၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံး ဝန်ထမ်းများက ဆွမ်းတော်ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်(၂၆၁၄) နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် အောင်ပွဲ ရေစက်ချအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယနေ့တပေါင်းလပြည့်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမုစေတီတော် ကိုးထပ်ကြီးဘုရားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်းသိရသည်။

မြဝတီ

# တပေါင်းလပြည့်နေ့၌ မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**မန္တလေး မတ် ၂**

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ (တပေါင်းပွဲတော်)တွင် မန္တလေးမြို့ရှိတန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများသည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

ထို့အတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားများနှင့် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့၌လည်း ပြည်သူများက ကုသိုလ်ပြုဆုတောင်းခြင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့်အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများအားထုတ်ခြင်းတို့ကို စိတ်အေးချမ်းသာစွာဆောင်ရွက်ကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင်မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးပတ်ဝန်းကျင်ရှိ စေတီပုထိုးတို့၌လည်း ဗုဒ္ဓပူဇနီယပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများဖြင့်စည်ကားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ (၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ မန္တလေးမြို့သူ မြို့သားများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ အနီးပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါဘုရားပွဲတော်တွင် ရိုးရာပွဲဈေးတန်းများအပြင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။



ပွဲဈေးတန်းအတွင်း တောင်ပေါ်မြေပြန့်ဒေသထွက်စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံနှင့် အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက် ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းများကို နွားလှည်းများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ခန်းများဖြင့် စနစ်တကျ ခင်းကျင်းရောင်းချပေးလျက်ရှိရာ ပွဲတော်လာပြည်သူများက အမှတ်တရဝယ်ယူကြသည်။

ထို့ပြင် ဘုရားအနီးရှိဒုဋ္ဌဝတီမြစ်အတွင်း ရေချိုးဆော့ကစားခြင်း၊ လှေစီးခြင်းနှင့် အပန်းဖြေအနားယူခြင်းတို့ ဆောင်ရွက်ကြသည့် ဘုရားပွဲလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်းသိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဓာတ်ပုံ-ဇာနည်ကိုကို(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚C | / | ၃၄˚C |
| ရန်ကုန် | ၂၀˚C | / | ၃၅˚C |
| မန္တလေး | ၁၈˚C | / | ၃၆˚C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**ထူးခြားသည့် နေ့ အပူချိန်များ**

၂-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ကျော့ကရိတ် | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| သန်လျင် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| သာစည်(လှိုင်းတက်) | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကျော့သောင်း | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

နေပြည်တော် မတ် ၂

၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မင်းရပ်ရပ်ကွက်ရှိသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပပြုလုပ်ရာ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြစ်ကြီးနားမြို့၊ ရန်အောင်မြင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက သာသနာရေးရာများ လျှောက်ထားခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းများလောင်းလှူကြသည်။



ဆရာတော်ထံ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

အလားတူ ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ ဘုရားကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပေါင်မြို့၊ ဘုရားကြီးပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆ ပါးတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဖြူဇရပ်မြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ ဓမ္မရာမတောရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မရက္ခိတာလင်္ကာရထံမှ အနုမောဒနာတရား နာယူကြည်ညိုကာ လှူဒါန်းမှုအစစတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ စစ်တွေမြို့၊ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့၊ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ခေါင်းလောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒက ဩဝါဒကထာမိန့်ကြားချီးမြှင့်တော်မူ၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်၊ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၊ ရှေးဟောင်းလက်ဝဲသလုံးတော်ဓာတ်စေတီ၊ ဗဟိုကိုးနဝင်းအေးစေတီနှင့် ရန်ပြေမာန်ပြေဘုရားများအတွက်အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်တွေမြို့ ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက် ပဓာန နာယကဆရာတော်မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဝဏ္ဏ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစစတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား သာသနာ့ဗိမာန်ရှေ့၌ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ပုသိမ် မတ် ၂

(၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မရမ်းချောင်းကျေးရွာ၌ကျင်းပသည်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနား မှန်ဦးဆိုင်းဘုတ်ကို ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပြသထားသည့် ဆီထွက်သီးနှံနေကြာစိုက်ခင်း၊ သစ်သီးဝလံပန်းမန်ဥယျာဉ်၊ အိမ်ခြံဝင်းဟင်းခင်းပဒေသာ ( Home Garden)၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံစိုက်ခင်းများနှင့် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၆၄) နှစ်မြောက်တောင်သူလယ်သမားနေ့အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ တောင်သူလယ်သမားနေ့အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးစပါးသီးနှံစိုက် ထူးချွန်တောင်သူဆု၊ ပီလောပီနံသီးနှံစိုက် ထူးချွန်တောင်သူဆု၊ ပဲပုပ်-ပဲကြီးသီးနှံစိုက် ထူးချွန်တောင်သူဆု၊ သီဟိုဠ်သီးနှံစိုက် ထူးချွန်တောင်သူဆု၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင် ထူးချွန်ဆု၊ ရော်ဘာ၊ နာနတ်စိုက်ပျိုးရေး ထူးချွန်တောင်သူဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးထူးချွန်ဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**၂-၃-၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၆/၂၀၂၆**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၇/၂၀၂၆**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၀ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်၊

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၈/၂၀၂၆**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/အချုပ်ထောင်/စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၉/၂၀၂၆**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏တရားရုံးကြားနာစစ်ဆေးဆဲအမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအားအမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကိုထုတ်ပြန်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်( ၂/ ၂၀၂၆)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၊ အမိန့်အမှတ် (၅/၂၀၂၆) ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ် (၆/၂၀၂၆) ဖြင့် အကျဉ်းသား/သူ ၂၈၂၅ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့်ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၇/၂၀၂၆) ဖြင့် နိုင်ငံခြားသား အကျဉ်းသား/သူ ၁၀ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့်ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ်(၈/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၇၃၃၇ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၉/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲအမှုပေါင်း ၉၅၃၂ မှုကိုပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ပေးခြင်း စသည့်အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် တရားရုံးကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၃။ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေမည့် လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။

၄။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး ယင်းတို့၏ လူမှုစီးပွားရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်လာနိုင်သည့် အခွင့်အရေးရရှိကြသည့်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့်ထပ်တူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်**



ဓာတ်ပုံ - မောင်အေးချမ်း

မန္တလေးဗဟို အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက် လာသည့် အကျဉ်းသား၊ အကျဉ်းသူများကို မိဘဆွေမျိုး မိသားစုဝင် များက ပျော်ရွှင် ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။



ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)

မုံရွာ အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက် လာသည့် အကျဉ်းသား၊ အကျဉ်းသူများကို မိဘဆွေမျိုး မိသားစုဝင် များက ပျော်ရွှင် ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။

ကျိုင်းတုံအကျဉ်း ထောင်မှ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာ ခွင့်ရရှိသူများအား တာဝန်ရှိသူများက ဆုံးမဩဝါဒစကား ပြောကြားစဉ်။



ကျိုင်းတုံအကျဉ်း ထောင်မှ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာ ခွင့်ရရှိသူများအား တာဝန်ရှိသူများက လွတ်ငြိမ်းသက်သာ ခွင့်လက်မှတ်များ ပေးအပ်စဉ်။





တောင်ငူ အကျဉ်းထောင်မှ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာ ခွင့်ရရှိသူများအား တာဝန်ရှိသူများက ဆုံးမဩဝါဒစကား ပြောကြားစဉ်။




တောင်ငူ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက် လာသည့် အကျဉ်းသားများကို တွေ့ရစဉ်။

မော်လမြိုင်မြို့ အကျဉ်းထောင်မှ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာ ခွင့်ရရှိသူများအား တာဝန်ရှိသူများက ဆုံးမဩဝါဒစကား ပြောကြားစဉ်။



မြိတ်အကျဉ်း ထောင်မှ ပြန်လည် လွတ်မြောက်လာသည့် အကျဉ်းသူများကို တွေ့ရစဉ်။



ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)



အင်းစိန် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက် လာသည့် အကျဉ်းသား၊ အကျဉ်းသူများအား မိဘဆွေမျိုးမိသားစုဝင် များက ပျော်ရွှင် ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။




ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)

ကလေး အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက် လာသည့် အကျဉ်းသူများကို တွေ့ရစဉ်။

○ **ကျောဖုံးမှအဆက်**

၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ်၊ လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ **စာမျက်နှာ ၉ သို့** ○

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန် | |
|---|---|
| ခန္တီး | (၀.၀၄)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၈.၄ °C |
| မြင်းခြံ | ၃၇.၅ °C |
| မကွေး | ၃၇.၂ °C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၇ °C |
| ဆင်ဖြူကျွန်း | ၃၇ °C |
| ကော့ကရိတ် | ၃၇ °C |
| မင်းဘူး | ၃၆.၈ °C |
| နေပြည်တော်(ဇေယျာသီရိ) | ၃၆.၇ °C |
| အောင်လံ | ၃၆.၇ °C |
| ညောင်ဦး | ၃၆.၆ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၅ | ၂၉ |
| ရှမ်း(မြောက်) | ၁၁ | ၃၀ |
| ရှမ်း(အရှေ့) | ၁၉ | ၃၁ |
| ရှမ်း(တောင်) | ၈ | ၂၈ |
| ချင်း | ၆ | ၂၄ |
| စစ်ကိုင်း(အထက်) | ၁၄ | ၃၂ |
| စစ်ကိုင်း(အောက်) | ၁၇ | ၃၆ |
| နေပြည်တော် | ၁၇ | ၃၄ |
| မန္တလေး | ၁၈ | ၃၆ |
| မကွေး | ၁၈ | ၃၆ |
| ရခိုင် | ၁၈ | ၃၁ |
| ပဲခူး | ၁၆ | ၃၆ |
| ရန်ကုန် | ၂၀ | ၃၅ |
| ဧရာဝတီ | ၁၉ | ၃၃ |
| ကယား | ၁၀ | ၃၁ |
| ကရင် | ၁၈ | ၃၆ |
| မွန် | ၁၉ | ၃၄ |
| တနင်္သာရီ | ၂၃ | ၃၅ |

# သထုံရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**သထုံ မတ် ၂**

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် (၂၅) ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့(တပေါင်းလပြည့်နေ့)တွင် ရွှေစာရံစေတီတော်ပရဝဏ်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အရုဏ်တက်ချိန်တွင် သထုံမြို့နယ်အတွင်းရှိစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြသည်။

ဆက်လက်၍ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ ဆရာတော် သံဃာတော်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် ကော်မတီဝင်များ၊ စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြပြီး သထုံမြို့ ညောင်လေးပင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာထံမှ သီလခံယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ် စသည့်ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပရိယတ္တိသဒ္ဓမ္မလင်္ကာရ ဟိတကာရီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဣန္ဒြေဘာသာဘိဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့နှင့် အလှူရှင်များစုပေါင်းကာ ကြွရောက်လာကြသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

**ချမ်းမြေ့**




ဓာတ်ပုံ – ကနူး

အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသား၊ အကျဉ်းသူများကို တွေ့ရစဉ်။



ဓာတ်ပုံ – တင်ဆန်းဦး

ရမည်းသင်းအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသား၊ အကျဉ်းသူများကို မိဘဆွေမျိုးမိသားစုဝင်များက ပျော်ရွှင်ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။




ဓာတ်ပုံ – နိုင်ထွန်း

နေပြည်တော်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား တာဝန်ရှိသူများမှ လွတ်ငြိမ်းသက်သာခွင့်လက်မှတ်များပေးအပ်စဉ်။

○ **စာမျက်နှာ ၈ မှအဆက်**

ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အားလည်းကောင်း ခွင့်ပြုခဲ့သည်။

ထို့ပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

၎င်းအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသူ၊ အကျဉ်းသားများကို ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကောင်းမှုစုံကြောင်း လတပေါင်းနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံအတွင်း၌ ယခုမျက်မှောက်ကာလတိုင်အောင် မြတ်စွာဘုရား၏သာသနာတော်ထင်ရှားတည်ရှိကာ ပြန့်ပွားစည်ပင်ထွန်းကားနေခြင်းမှာ သံဃာတော်များနှင့် ဗုဒ္ဓဘာသာ ဒါယကာ၊ ဒါယိကာမတို့သာသနာ့အကျိုးအတွက် တက်ညီလက်ညီဆောင်ရွက်လာခဲ့သောကြောင့်ဖြစ်သည်။ ရဟန်းရှင်လူပြည်သူတို့ လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်နေသမျှကာလပတ်လုံး သာသနာတော်သည် တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ သံဃာတော်များက ပရိယတ္တိသာသနာဖြစ်သော အခြေခံပဓာနသာသနာတော်ကိုသင်ကြားပို့ချကာ မပျောက်မပျက်အောင်ဆောင်ရွက်တော်မူကြသည်။ ဒကာ၊ ဒကာမတို့ကိုလည်း မိမိတို့ဆောင်ရွက်ပို့ချနေသော ပရိယတ္တိအတွင်းမှ သင့်လျော်ရာရာ ပဋိပတ်တရားတော်များကို အခါအားလျော်စွာဟောကြားတော်မူကြသည်။

**မြန်မာလူမျိုးတို့သည် ဆယ့်နှစ်လရာသီကာလပတ်လုံး ကြည်နူးချမ်းမြေ့ဖွယ်၊ ကုသိုလ်ယူဖွယ်ကောင်းလှသည့် အလှူမင်္ဂလာပွဲတော်များကို ကျင်းပလျက်ရှိကြသည်။ နှစ်ဦးတန်ခူးလမှ တပေါင်းလတိုင်အောင် ကုသိုလ်ကောင်းမှု ဒါနအစုစုတို့ဖြင့် စည်ကားလျက်ရှိသောရွှေနိုင်ငံဖြစ် . . .**

သာသနာတော်မကွယ်ပျောက်အောင် စောင့်ရှောက်ဆောင်ရွက်တော်မူကြသော သံဃာတော်များအား ဒါယကာ၊ ဒါယိကာမတို့က ပစ္စည်းလေးပါးမျှတတော်မူစေရန်နှင့် မိမိကိုယ်တိုင်ဒါနမင်္ဂလာဖြစ်စေရန်ရည်သန်လျက် မိမိတို့စွမ်းအားရှိသလောက် အားပေးချီးမြှောက်လှူဒါန်းကြသောအားဖြင့် တစ်ဖက်တစ်လမ်းမှ သာသနာတော်ကိုစောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြသည်။ ဤသို့သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်အလှူရှင်တို့သည် မြတ်စွာဘုရား၏သာသနာတော်ကို ဦးထမ်းပွဲထမ်းဆိုဘိသကဲ့သို့လည်းကောင်း၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့လည်းကောင်း၊ သဘော်စီးခရီးသွားလူများနှင့် သဘော်ကဲ့သို့လည်းကောင်း အညမညပစ္စည်းပြု၍ မိမိတို့၏အကျိုးကျေးဇူးအပါအဝင်ဖြစ်သော သာသနာတော်ကြီးကိုဆောင်ရွက်ခဲ့ကြသည်။ ယနေ့တိုင်အောင်လည်းဆောင်ရွက်လျက်ရှိကြသည်။

မြန်မာလူမျိုးတို့သည် ဆယ့်နှစ်လရာသီကာလပတ်လုံး ကြည်နူးချမ်းမြေ့ဖွယ်၊ ကုသိုလ်ယူဖွယ်ကောင်းလှသည့်အလှူမင်္ဂလာပွဲတော်များကိုကျင်းပလျက်ရှိကြသည်။ နှစ်ဦးတန်ခူးလမှတပေါင်းလတိုင်အောင်ကုသိုလ်ကောင်းမှုဒါနအစုစုတို့ဖြင့်စည်ကားလျက်ရှိသောရွှေနိုင်ငံဖြစ်သည်။ အထူးအားဖြင့် တပေါင်းလသည် မြန်မာလူမျိုးများအထွတ်အမြတ်ထားသည့်လတစ်လဖြစ်သည်၊ အမျိုးဘာသာသာသနာအတွက် ထင်ရှားစွာမှတ်တမ်းပြုနိုင်သည့်လဖြစ်သည်။ ဗုဒ္ဓသာသနာတော်အတွက် လွန်စွာကြည်နူးကြည်ညိုဖွယ်ကောင်းသည့်လဖြစ်သည်၊ မြတ်စွာဘုရားရှင်အား ကပိလဝတ်ရွှေနန်းတော်သို့ကြွရောက်၍ တရားဟောကြားသည့်လပြည့်နေ့အဖြစ်ကြည်ညိုနိုင်သည်။

**ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား၏ သာသနာတော်မြတ်ကို သာမန်ပုဂ္ဂိုလ်တို့ဆောင်ရွက်နိုင်ကြသည်မဟုတ်ပေ။ ရှေးဘုန်းရှေးကံအလွန်ရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် မြတ်စွာဘုရား သာသနာတော်ကို အားပေးချီးမြှောက်ခွင့်ရရှိကြ . . .**

တပေါင်းလနှင့်ပတ်သက်၍ ဖိုးသူတော်ဦးမင်း၏ဆယ့်နှစ်လရာသီဘွဲ့များတွင် "ပန်းရွှေဖီကြိုင်လှောက်လို့၊ ပိတောက်ကယ်တဲ့ သင်းချို။ ဥတ္တရာဘရဂုဏ်က၊ တိမ်ဘုံမှာရောင်ခြည်လင်းလို့၊ လမင်းသော်တာနှင့်၊ တူမကွာထိန်ဝါလဲ့၊ ထွန်းတဲ့ခါကို။ သောင်သဲငယ်မို့၊ ရေညီုရစ်မို့။ လေညင်းငယ်လာ၊ စုံဟေမာမြိုင်ထဲက၊ ဝမ်းဘဲ ရွှေစင်ရော်တို့၊ ဖော်ခေါ်သံ မောင်မယ်ကျူးတယ်၊ မြူးကျော်ကြလို့" ဟူ၍ဝန်းကျင်သဘာဝ၏သာယာပုံကိုဖွဲ့ဆိုထားသည်။ တပေါင်းလသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်များဝေဆာအောင်လှပနေသည့်အချိန်ကာလဖြစ်သည်။ ရှေးစာဆိုတို့သည် တပေါင်းလသာယာပုံကို အထူးတလည်ဖွဲ့ဆိုကြသည်၊ ပရိတ်ကြီး(၁၁)သုတ်တွင်ပါဝင်သည့်ရတနသုတ်တွင် နွေဦးအစတပေါင်းလ၌ အပင်တိုင်း ပင်လုံးကျွတ်ပွင့်သောတောအုပ်သည် အသရေရှိလှဘိသကဲ့သို့ဟူ၍ ဘုရားရှင်မိန့်ကြားခဲ့သော အနှိုင်းစကားက တပေါင်းလ၏သာယာပုံကို အလေးအနက်ဖော်ညွှန်းလျက်ရှိသည်။

ထို့ပြင် တပေါင်းလသည် ရာသီဥတုကြည်လင်သည့်အတွက် ခမည်းတော်စံရာ ကပိလဝတ်ပြည်သို့ ကြွတော်မူလာရန် ကာဠုဒါယီမဟာထေရ်က ဘုရားရှင်ကိုလျှောက်ထားသောဂါထာများတွင် ဆောင်းကူးနွေစ တပေါင်းလသာယာပုံကိုလျှောက်တင်ခန်း၌ "တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး၊ ဆွေတော်များတို့၊ ဘုရားမြတ်စွာ၊ ဖူးအံ့ခါကား၊ သာယာသောတိ၊ ကြွဘွယ်ရှိစ၊ ခရီးဆစ်ပိုင်း၊ လမ်းစဉ်တိုင်းတုံ၊ သစ်ကိုင်းညွှန့်လန်း၊ ဂနိုင်ပန်းတို့၊ ထက်ဝန်းဖြင်မျှ၊ ပွင့်လတ်ကြသော်၊ ရွှင်ပျမြည်ရှုန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥဩကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟသ်ာပဲထွေး၊ သံလေးကျူးဆင့်၊ ကြွေးရင့်မည်၊ ခုန်ပျံပြေးသွား၊ တပင်နားလျက်၊ ပင်ဖျားပင်ခြေ၊ မွှမ်းမွှမ်းထွေလျက်" စသည်ဖြင့်ပေလေးပင်ရှင်လေးပါးသိုက်ဝင်တောင်တွင်းရှင်အုန်းညိုက ဂါထာခြောက်ဆယ်ဖြင့် ရေးဖွဲ့ထားသည်။

တပေါင်းလဆန်း ၁၃ ရက်နေ့တွင် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့်ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိအဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီး ၁၄၆ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးတစ်ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။

၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပသည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့တက်ရောက်ကြည်ညို၍သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူကြသည်။

ဆရာတော်ကြီးများသည် သာသနာတော်ကို ဆောင်ရွက်နေကြသော ဆရာတော်ကြီးများဖြစ်သောကြောင့် ဆရာတော်ကြီးများကိုပူဇော်ခြင်းသည် သာသနာတော်ကိုချီးမြှောက်ပူဇော်ခြင်းပင်ဖြစ်သည်။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏သာသနာတော်မြတ်ကို သာမန်ပုဂ္ဂိုလ်တို့ဆောင်ရွက်နိုင်ကြသည်မဟုတ်ပေ၊ ရှေးဘုန်းရှေးကံအလွန်ရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် မြတ်စွာဘုရားသာသနာတော်ကို အားပေးချီးမြှောက်ခွင့်ရရှိကြသည်။ နိုင်ငံတော်အစိုးရနှင့်ဗုဒ္ဓနွယ်ဝင်သူတော်စင်အပေါင်းတို့မှာရှေးဘုန်းရှေးကံရှိသောကြောင့်သာလျှင် ယခုကဲ့သို့သာသနာတော်ကို အားပေးချီးမြှောက်ပူဇော်ခြင်းပြုနိုင်ကြခြင်းဖြစ်သည်။ မြတ်စွာဘုရား၏သာသနာတော်သည် ဘုန်းကံနည်းပါးသူတို့၏ အရာမဟုတ်ပေ။

သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏သာသနာတော်ကို အသိဉာဏ်အမြင်ဉာဏ်ရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် မြတ်နိုးခြင်း၊ ပူဇော်ခြင်းတို့ကိုပြုနိုင်ကြသည်။ ထို့ပြင် ကံနှင့်ကံ၏အကျိုးကို ယုံကြည်ခြင်း၊ ရတနာသုံးပါးတို့၏ဂုဏ်ကိုယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံခြင်းတို့ရှိမှလည်း အားပေးပင့်ထောက် ချီးမြှောက်နိုင်ကြပေမည်၊ ကံဆိုသည်မှာမြန်မာစကားနှင့်တိုက်ရိုက်ပြန်ဆိုလျှင် အလုပ်ပင်ဖြစ်သည်။ အလုပ်ကောင်းလျှင်ကံကောင်းသည်။ အလုပ်မကောင်းလျှင် ကံမကောင်း၊ အလုပ်ကောင်း၊ ကံကောင်းက ကောင်းကျိုးကျေးဇူးကိုရမည်၊ ဘုရား၊ တရား၊ သံဃာတို့၏စစ်မှန်သောဂုဏ်၊ တကယ်ရှိသောဂုဏ်တို့ကိုယုံကြည်ကြရမည်။ ယုံကြည်မှသာလျှင် ထိုဘုရား၏သာသနာတော်ကို အားပေးပင့်ထောက်ချီးမြှောက်နိုင်မည်။ ဤကဲ့သို့သောသဒ္ဓါတရားနှင့်ပြည့်စုံကယုံကြည်မှုရှိကြသောကြောင့်လျှင် ဤကဲ့သို့ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်း၊ ဆွမ်းဆန်များနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူနိုင်ကြခြင်းဖြစ်သည့်အတွက် မြင်ရသူ၊ ကြားရသူအပေါင်းကလည်းသာဓုခေါ်ဆိုကာ စေတနာပီတိဂွမ်းဆီထိသကဲ့သို့ဖြစ်ကြရသည်။

တပေါင်းလပြည့်ကျော် ၁ ရက်မှ တန်ခူးလပြည့်အထိသည် နွေဥတုလေးလတွင်ပါဝင်သည်။ နွေရာသီတွင် မြန်မာတို့သည် အလှူအတန်းကိုစိတ်လက်ချမ်းသာစွာပြုမူဆောင်ရွက်ကြသည်။ မိုးလေကင်းလွတ်သည့်လဖြစ်သည့်အတွက်စည်ဖြောသံတညံညံနှင့် သာသနာ့အောင်လံလွှင့်ထူထားသည့်အလှူမင်္ဂလာမဏ္ဍပ်များကို နိုင်ငံအနှံ့အပြားတွင်မြင်တွေ့ရသည်။ ရှေးခေတ်ပုဂံပြည်ကဗျာတွင်ဆရာဇော်ဂျီက "စေတီနဲ့တန်ဆောင်း၊ ဆည်ချောင်းနဲ့စပါးနှံ၊ ရွှေပေါက္ကံပြည်တစ်ကြောမှာ၊ ပေါချင်တိုင်း ပေါတဲ့ပြင်၊ ဝပြောတဲ့သာသနာ၊ ခေါင်းလောင်းသံ ညံမစဲရယ်နဲ့၊ ပုဂံပွဲသာလွန်းလို့၊ လာသူလာ သွားသူသွား၊ လယ်တွင်းသား၊ ပြည်တော်သား၊ အသည်သား မင်းမှုထမ်း၊ တစ်စိတ်ဝမ်းတစ်လက်ညီ၊ ပြည်ရေးကို ပြိုင်တူချီကြတော့၊ ပြည်တော်မြတ်ပွဲတင်သံ၊ ဘဝဂ်က ပြန်ပါရော့" ဆိုသည့်အတိုင်း သာသနာထွန်းကားမှုကြုံကြိုက်သည့်အခါကာလတွင် မြန်မာနိုင်ငံမှာသာယာလှပနေမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်သည့်အလျောက် ဘာသာရေးဆိုင်ရာပွဲတော်များ၊ ဘာသာရေးဆိုင်ရာအခမ်းအနားများမှာလည်း ဆယ့်နှစ်လရာသီကာလပတ်လုံး ကျင်းပလျက်ရှိသည်။ ထို့အတူ နှစ်စဉ်နှစ်တိုင်းတပေါင်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲအခမ်းအနားနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ သာသနာကိုချီးမြှင့်မြှောက်စားသည့်နိုင်ငံ့ခေါင်းဆောင်များလက်ထက်တွင် သာသနာသည်စည်ပင်ဖွံ့ဖြိုးသလို နိုင်ငံသည်လည်းသာယာဝပြောလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများစည်းလုံးညီညွတ်စွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတိုင်းတွင်အားလုံးသည်တက်ညီလက်ညီရှိနေမည်ဆိုပါက "ဤကမ္ဘာတွင် ပြည်မြန်မာရယ်လို့ဝင်းခဲ့သတဲ့၊ သည်မင်း သည်ပြည်ထောင်ဖြင့်၊ မလေးမောင်ချစ်မငြီးနိုင်ဘု" ဆိုသကဲ့သို့ကြည်နူးဖွယ်ဖြစ်နေပေလိမ့်မည်။ ယခုအချိန်ကာလမှာ အချိန်ကောင်း၊ အခါကောင်း၊ လတပေါင်းဟုဆိုရပေမည်။ ထို့ကြောင့် ဤသို့သောလှူဒါန်းမှုမြတ်ဒါနကြောင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ချစ်ကြည်ဖြူကာ နိုင်ငံသူ၊ နိုင်ငံသားအပေါင်း မကောင်းသောဘေးရန်များမှကင်းဝေး၍ကောင်းသောစီးပွားလာဘ်လာဘဖြင့်ပြည့်စုံကြွယ်ဝကြပါစေ၊ နိုင်ငံတော်ကြီးအေးချမ်းသာယာ၍ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ကာ ရဟန်းရှင်လူပြည်သူအပေါင်းတို့သည်လည်း ချမ်းသာကိုယ်စိတ်မြဲကြပါစေကြောင်း ဆုတောင်းရင်း ဤဆောင်းပါးကိုနိဂုံးချုပ်အပ်ပါသည်။ ။

# (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တက္ကသိုလ်များနယ်မြေ(ရေဆင်း)၌ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) ဖွင့်လှစ်



နေပြည်တော် မတ် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တက္ကသိုလ်များနယ်မြေ (ရေဆင်း)၌ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပါမောက္ခချုပ်များက တက္ကသိုလ်များနယ်မြေ(ရေဆင်း)ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံကမ္ပည်းကြေးပြားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် အရေးပါသောနေ့တစ်နေ့ဖြစ်သည့် (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်ကြောင်း၊ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသော တက္ကသိုလ်များတည်ရှိရာ တက္ကသိုလ်များနယ်မြေ(ရေဆင်း)၌ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေဌာန (Recreation Center) ကို ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သော ကျောင်းသား၊ ကျောင်းသူများအပန်းဖြေဌာန (Recreation Center)သည် တက္ကသိုလ်များ၏ ရင်းနှီးပေါင်းဖက်မှုကိုဖြစ်ပေါ်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်အပန်းဖြေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ကြစေရန် ရည်ရွယ်တည်ဆောက်ပေးခြင်းဖြစ်၍ ထိရောက်အကျိုးရှိစွာအသုံးပြုသွားကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ရေဆင်းတက္ကသိုလ်များချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

တက္ကသိုလ်များနယ်မြေ (ရေဆင်း)ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူများအသုံးပြုနိုင်ရန် ယနေ့ဖွင့်လှစ်လိုက်သည့် အပန်းဖြေဌာန (Recreation Center) ကို နိုင်ငံတကာအဆင့်မီတည်ဆောက်ပေးထားပြီး ဖွဲ့စည်းထားပုံအရ ဘတ်စကက်ဘောနှင့် ဘော်လီဘောပြိုင်ပွဲများအပါအဝင် ခန်းမအတွင်း အားကစားပြိုင်ပွဲများကျင်းပနိုင်ကာ ပွဲကြည့်စင်တွင် စုစုပေါင်း ဧည့်ပရိသတ် ၄၃၈ ဦး ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# SKD စနစ်ဖြင့် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့်စက်ရုံအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Motor Corporation Public Co., Ltd. မှ ISUZU အမှတ်တံဆိပ်မော်တော်ယာဉ်များအား SKD စနစ်ဖြင့် ကိုယ်ထည်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှ တာဝန်ရှိသူများနှင့် စက်ရုံအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲက ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့် အစိတ်အပိုင်းများကို ပြည်တွင်း၌သာ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားကြောင်း၊ ပြည်တွင်း၌ မော်တော်ယာဉ်များအား SKD/ CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ခြင်းသည် နည်းပညာရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ရည်ရွယ်ချက်အောင်မြင်အောင် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်ပေါ်လာမှု အခြေအနေများကိုလည်း စိစစ်တွက်ချက်ထားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီရေး၊ သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုမြှင့်တင်သွားရန် မှာကြားပြီး စက်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



# ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့ မဏိသုခရတနာစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဥက္ကံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရိန္ဒက သမ္ဗောဒနီယကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများလျှောက်ထားကာ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပုဗ္ဗသီရိမြို့နယ် ထူးကြီးစာသင်တိုက်မှ ဘဒ္ဒန္တသီလာနန္ဒနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံစာသင်တိုက်မှ ဘဒ္ဒန္တကေသရိန္ဒထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအားဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကိုလည်းကောင်း၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် မြသိဂီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သေ့သိဂီနှင့် ဒေါ်စန္ဒာရီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးသောင်းအေးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးဆောင် ဘဒ္ဒန္တကိတ္တိသာရထံမှဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရဆရာတော်ကြီး နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီး လေးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော်ကြီး ၁၀ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်(အမျိုးသား) တစ်ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# စစ်တွေမြို့၊ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ ရှင်သီဝလိနှင့် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်နှစ်ပါး ဆင်းတုတော်ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်း ရေစက်ချအလှူတော်မင်္ဂလာကျင်းပပြုလုပ်



ဆရာတော်ထံမှ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ ရှင်သီဝလိနှင့် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်နှစ်ပါး ဆင်းတုတော်ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်းရေစက်ချအလှူတော်မင်္ဂလာပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပပြုလုပ်ရာ အဆိုပါမြို့ရှိ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏဝံသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့ ရွှေစေတီကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသက ဦးဆောင်၍ အလှူတော်မင်္ဂလာအခမ်းအနားအစီအစဉ်အတိုင်း ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ရဟန္တာမထေရ်မြတ်နှစ်ပါးတို့၏ ဆင်းတုတော်၊ ဇေယျမင်္ဂလာကန်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဇီဝိတဒါနငါးနှင့်လိပ်များလွှတ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များနာယူကြည်ညိုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေစေတီပရိယတ္တိကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# လားရှိုးမြို့၊ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်း ကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာ မြို့မကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကလျာဏအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များက အဆိုပါစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း ဆောင်ရွက်ကြသည်၊ ထို့နောက်တိုင်းမှူးနှင့်စေတနာရှင် အလှူရှင်များက အဆိုပါစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားရှိုးမြို့ရှိ မဟာဗောဓိရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လားရှိုးမြို့ရှိ ဇမ္ဗူအေးစေတီ တပ်ဦးကျောင်း ဆရာတော်ဘဒ္ဒန္တဥတ္တမထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပင်လုံမြို့နယ်၊ ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော် ကျင်းပ

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့နယ်၊ ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကျင်းပစဉ်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ပွဲတော် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့သမိုင်းကြောင်းများ၊ ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပအိုဝ်းတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ပင်လုံမြို့၊ ဝေဠုဝန် (ဝါးတောကျောင်း) ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အများပြည်သူဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့်အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် ၄-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၁-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီ တွင် **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဝမ်းဗိုက်အဆီ တိတ်တဆိတ်တိုးလာစေနိုင်သော အဆာပြေသရေစာများ

> "အေးခဲထားသောသရေစာများကို လွယ်ကူမြန်ဆန်စွာရွေးချယ်နိုင်ပြီး အချိန်သက်သာသည်။ သို့သော် အကြော်များ၊ ပြုပြင်ပြီး မကြာခဏ ပြန်အပူပေးစားရသော သရေစာများသည် ကယ်လိုရီသိပ်သည်းဆမြင့်မားပြီး ဆာလောင်မှုကိုပြေပျောက်စေခြင်းမရှိသောကြောင့် လွန်ကဲစွာစားသုံးပါက ဝမ်းဗိုက်အဆီများကို တိုးမြင့်စေနိုင်သည် . . ."

တချို့သောနေ့စဉ်သရေစာများသည် သကြားများသော၊ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များနှင့် ကျန်းမာရေးနှင့်မညီညွတ်သောအဆီများမှတစ်ဆင့် အင်ဆူလင်ကို တိုးမြှင့်ထုတ်လွှတ်စေပြီး အဆီသိုလှောင်မှုကို တိုးမြှင့်ပေးသောကြောင့် ဝမ်းဗိုက်အဆီစုပုံခြင်းကို အထောက်အကူဖြစ်စေသည်။ အဆာပြေသရေစာများသည် အန္တရာယ်မရှိဟု ထင်ရသော်လည်း ကယ်လိုရီမပါရှိသောကြောင့် အလွန်အကျွံစားခြင်းကို မကြာခဏဖြစ်စေနိုင်သည်။ လက်တစ်ဆုပ်စာ ချိစ်များ၊ ဘီစကွတ်တစ်ထုပ် သို့မဟုတ် သကြားပါသော သရေစာတစ်ခုစားတိုင်း အရသာထက် ဝမ်းဗိုက်အဆီကို ပို၍တိုးလာစေနိုင်သည်။ ဝမ်းဗိုက်အဆီတိုးလာခြင်းသည် အသွင်အပြင်အတွက်သာမက သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် ဇီဝဖြစ်စဉ်ဆိုင်ရာပြဿနာများ ဖြစ်နိုင်ခြေပိုများသည်။ Harvard Health မှ ကျွမ်းကျင်သူများ၏လေ့လာမှုအရ သကြားဓာတ်များသော အစားအစာတချို့၊ သန့်စင်ပြီးကာဗိုဟိုက်ဒရိတ်များ၊ ပြုပြင်ထားသောအဆီများနှင့် ဖြည့်စွက်ပစ္စည်းများသည် ကယ်လိုရီများခြင်းထက် ခန္ဓာကိုယ်အလယ်ပိုင်းတစ်ဝိုက်တွင် အဆီသိုလှောင်မှုကို အားပေးသည်။

## သကြားပါသောအဆာပြေမုန့်များ

ဘီစကွတ်များ၊ ကွတ်ကီးများ၊ ကိတ်မုန့်များနှင့် ဒိုးနပ်များသည် အများအားဖြင့် သန့်စင်ထားသောသကြားများ၊ အသွင်ပြောင်းအဆီများပါဝင်ပြီး အမျှင်ဓာတ်နည်းပါးသောကြောင့် အင်ဆူလင်မြင့်တက်လာခြင်းဖြင့် ဝမ်းဗိုက်တစ်ဝိုက်တွင် အဆီအဖြစ်သို့ ပြောင်းလဲပေးသည်။ သကြားလုံးများနှင့် အချိုဓာတ်ပါသော စီရီရယ်များသည် ဆာလောင်မှုကို ဖြစ်စေသည်။ လေ့လာမှုတစ်ခုက အချိုပွဲစားသုံးမှုသည် အသည်းနှင့် ကလီစာအဆီများတိုးလာခြင်းနှင့် ဆက်စပ်မှုရှိသည်ကို ထောက်ပြခဲ့သည်။

## အာလူးချောင်းကြော်များနှင့် ကြွပ်ရွသော ဆားပါသည့်မုန့်များ

အာလူးချောင်းကြော်များနှင့် အလားတူ အကြွပ်ကြော်များသည် ဆားနှင့် သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်တို့ကိုပေါင်းစပ်ထားပြီး ကျန်းမာရေးနှင့် မညီညွတ်သည့် အဆီများပါရှိသောကြောင့် အလွန်အကျွံပြုပြင်ထားသည့် သရေစာများဖြစ်သည်။ ထိုပေါင်းစပ်မှုများသည် ကယ်လိုရီသိပ်သည်းဆမြင့်မားမှုကြောင့် ဦးနှောက်ကို အာဟာရပြည့်စေသောအချက်ပြမှုများ လျော့ပါးသွားစေသဖြင့် ဆာလောင်ခြင်းကို ကျေနပ်မှုမရှိစေဘဲ အလွန်အကျွံစားခြင်းကိုဖြစ်စေသောကြောင့် ဝမ်းဗိုက်အဆီစုပုံခြင်းကို ဖြစ်စေနိုင်သည်။ ပြုပြင်ထားသောသရေစာများသည် ရောင်ရမ်းမှုနှင့် အဆီသိုလှောင်မှုကို ဖြစ်စေပြီး အစာအိမ်ကျန်းမာရေးကို အနှောင့်အယှက်ပေးနိုင်သည်။ ရေရှည်လေ့လာမှုများတွင် အာလူးချောင်းကြော်၊ စမူဆာနှင့်အကြော်များသည် ကယ်လိုရီများသောကြောင့် ဝမ်းဗိုက်အဆီတိုးခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်းပြသထားသည်။ ပြန်အပူပေးထားသော အေးခဲထားသည့်သရေစာများသည် တာရှည်ခံပစ္စည်းများနှင့် အသွင်ပြောင်းဆီပမာဏမြင့်မားသောကြောင့် ရောင်ရမ်းမှု၊ အင်ဆူလင်ခံနိုင်ရည်ရှိမှုနှင့် အူလမ်းကြောင်းဆိုင်ရာ အဆီသိုလှောင်မှုတို့ကို ပိုမိုဆိုးရွားစေသည်။ အသွင်ပြောင်းဆီများသည် အလွန်အကျွံစားခြင်းမှ ထိန်းပေးနိုင်သည့် Leptin ကဲ့သို့သော ဟော်မုန်းများကို ပြောင်းလဲစေသည်။

## သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များ

ပေါင်မုန့်ဖြူ၊ ခေါက်ဆွဲခြောက်များနှင့် အဆာသွတ်ပေါင်မုန့်များသည် အမျှင်ဓာတ်နည်းသော ကာဗိုဟိုက်ဒရိတ်များပါဝင်သောကြောင့် လျင်မြန်စွာ ချေဖျက်နိုင်ပြီး သွေးတွင်းသကြားဓာတ်မြင့်တက်နိုင်သည်။ ခေါက်ဆွဲခြောက်များဖြင့် သန့်စင်ပြီး အဖြူရောင်ဂျုံမှုန့်များဖြင့် ပြုလုပ်ထားသောကြောင့် လျင်မြန်စွာ အစာချေဖျက်နိုင်ပြီး သွေးတွင်းသကြားဓာတ်နှင့် အင်ဆူလင်ကို တိုးမြင့်စေသဖြင့် ဝမ်းဗိုက်တစ်ဝိုက်တွင် အဆီသိုလှောင်မှုကို တိုးမြင့်စေသည်။

## ပေါင်မုန့်ဖြူနှင့်သကြားပါသောယိုများ သို့မဟုတ် အစေ့အဆန်များနှင့် တွဲဖက်စားခြင်း

အဓိကအစားအစာ သို့မဟုတ် တစ်ခါတစ်ရံသရေစာအဖြစ်စားသော ပေါင်မုန့်ဖြူတစ်မျိုးတည်းသည် အမျှင်ဓာတ်နည်းသည့် သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်တစ်မျိုးဖြစ်သည်။ ပေါင်မုန့်ဖြူကို သကြားပါသောယိုနှင့် တွဲဖက်စားခြင်းဖြင့် ဗိုက်အဆီများကို တိုးမြင့်စေနိုင်သည့် အချိုဓာတ်မြင့်မားသော သရေစာဖြစ်လာသည်။ ထို့ပြင် သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များသည် ကလီစာအဆီများကို မြှင့်တင်ပေးနိုင်သည်။ အစေ့အဆန်များနှင့် ရောထားသောထောပတ် သို့မဟုတ် သဘာဝအခွံမာသီး၊ ထောပတ်သီးနှင့် စတော်ဘယ်ရီသီးအနည်းငယ်ဖြင့် ရောထားသောပေါင်မုန့်ကို သရေစာအဖြစ်အသုံးပြုနိုင်သည်။ အစေ့အဆန်များသည် အစာခြေခြင်းကို နှေးကွေးစေပြီး ကျန်းမာရေးနှင့်ညီညွတ်သော အဆီများပြည့်ဝနေစေရန် ကူညီပေးသည်။ သစ်သီးများသည် သန့်စင်ထားသောသကြားထက် သဘာဝအချိုဓာတ်နှင့် အာဟာရများကို ဖြည့်စွက်ပေးသည်။

## သကြားပါသောအချိုရည်များ

သကြားပါသောဆိုဒါများ၊ အားဖြည့်အချိုရည်များနှင့် ထုပ်ပိုးထားသောဖျော်ရည်များသည် ဆာလောင်မှုကို ပြေပျောက်စေခြင်းမရှိဘဲ အသည်းမှအဆီအဖြစ်သို့ ပြောင်းလဲပေးသော Fructose ကို ပွားများစေသည်။ သကြားပါသောအချိုရည်များ သို့မဟုတ် အချိုဓာတ်ပါသောသရေစာများသည် အင်ဆူလင်တုံ့ပြန်မှုကိုဖြစ်စေပြီး ဝမ်းဗိုက်အဆီသိုလှောင်ခြင်းကို ဖြစ်စေနိုင်သည်။

## ရေခဲမုန့်နှင့် အေးခဲထားသောအချိုပွဲများ

ရေခဲမုန့်သည် သကြားနှင့်ပြည့်ဝဆီများ အများအပြားပါဝင်သောကြောင့် ကယ်လိုရီမြင့်မားစွာစားသုံးမှုကို ဦးတည်စေသည်။ သွေးတွင်းသကြားဓာတ်နှင့် အင်ဆူလင်ကို လျင်မြန်စွာမြှင့်တင်ပေးပြီး အင်ဆူလင်တုံ့ပြန်မှုမှတစ်ဆင့် အဆီသိုလှောင်ရန် အခြေအနေများကိုဖန်တီးပေးသည်။ အရသာရှိသော ဒိန်ချဉ်များသည် ကျန်းမာသောအညွှန်းအောက်တွင် အလားတူဖြည့်စွက်သကြားများကိုဝှက်ထားပြီး အင်ဆူလင်ကို လျင်မြန်စွာမြှင့်တင်ပေးသည်။

## အေးခဲထားသောသရေစာများ

အေးခဲထားသောသရေစာများကို လွယ်ကူမြန်ဆန်စွာရွေးချယ်နိုင်ပြီး အချိန်ကုန်သက်သာသည်။ သို့သော် အကြော်များ၊ ပြုပြင်ပြီးမကြာခဏပြန်အပူပေးစားရသော သရေစာများသည် ကယ်လိုရီသိပ်သည်းဆမြင့်မားပြီး ဆာလောင်မှုကိုပြေပျောက်စေခြင်းမရှိသောကြောင့် လွန်ကဲစွာစားသုံးပါက ဝမ်းဗိုက်အဆီများကို တိုးမြင့်စေနိုင်သည်။

## အရသာရှိသော ပြောင်းဖူးပေါက်ပေါက်

လေဖြင့်ဖောက်သောပြောင်းဖူးပေါက်ပေါက်များတွင် သကြား သို့မဟုတ် အဆီမထည့်လျှင် ကယ်လိုရီနည်းသည်။ ရိုးရိုးပြောင်းဖူးပေါက်ပေါက်သည် ကောင်းမွန်သော်လည်း ထောပတ်၊ ပျားရည် ၊ ဆား သို့မဟုတ် သကြားများပါသော ပုံစံကွဲပြောင်းဖူးပေါက်ပေါက်များသည် ပေါက်ပေါက်၏အကျိုးကျေးဇူးများ လျော့နည်းသွားပြီး ကယ်လိုရီများစေသည်။ ထို့ပြင် ဆားဓာတ်မြင့်မားခြင်းသည် ရေကို ထိန်းထားနိုင်ပြီး ကယ်လိုရီထပ်တိုးစေနိုင်သည်။

## အဆီများသောသရေစာများ

မောပန်းနွမ်းနယ်နေချိန်၊ အာရုံပျံ့လွင့်နေချိန် သို့မဟုတ် စိတ်လျှော့လိုက်သောအခါ ညဘက် မကြာခဏ အဆာပြေစားတတ်ပြီး အလွန်အကျွံစားနိုင်သည်။ ညဘက်တွင် အဆီနှင့် ဆားများသော သရေစာများသည် ဇီဝကမ္မဖြစ်စဉ်ကို ထိခိုက်စေပြီး အိပ်စက်ခြင်းကို နှောင့်ယှက်နိုင်သောကြောင့် ဝမ်းဗိုက်အဆီကို တိတ်တဆိတ်တိုးစေနိုင်သည်။

## စီရီရယ် သို့မဟုတ် အစေ့အဆန်များနှင့် သရေစာအပြားများ

ကောက်နှံများ၊ သကြားများ၊ သန့်စင်ထားသော ဂျုံမှုန့်များနှင့် သစ်သီးခြောက်များပါသော သရေစာအပြားများ သို့မဟုတ် အခွံမာသီးနှင့် အစေ့အဆန်များပါသော စီရီရယ်အပြားများသည် ကျန်းမာရေးနှင့်ညီညွတ်ပုံရပြီး ကျန်းမာရေးဝါသနာအိုးများအသိုင်းအဝိုင်းတွင်ပင် လူကြိုက်များကြသည်။ သို့သော် လျှို့ဝှက်သကြားများနှင့် ကယ်လိုရီများပါရှိသောကြောင့် ပုံမှန်စားသောအခါ အချိန်ကြာလာသည်နှင့်အမျှ ဝမ်းဗိုက်အဆီများကို တိတ်တဆိတ်တိုးလာစေနိုင်သည်။

ကျန်းမာရေးနှင့်ညီညွတ်သည်ဟု ယူဆရသည့် သရေစာများတွင်ပင် လျှို့ဝှက်သကြားများနှင့် ဆားများပါရှိသောကြောင့် အရွယ်အစားများကို သတိထားရွေးချယ်ရန်လိုသည်။ တိတ်တဆိတ် ဝမ်းဗိုက်အဆီတိုးစေသော သရေစာများသည် သကြားများ၊ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များ၊ ကျန်းမာရေးနှင့်မညီညွတ်သောအဆီများနှင့် ပိုလျှံနေသော ကယ်လိုရီများအပါအဝင် သကြားပါသောအချိုရည်များ၊ ပေါင်မုန့်ဖြူ၊ ခေါက်ဆွဲ၊ အာလူးကြော်များ၊ ရေခဲမုန့်များ၊ ပြုပြင်ထားသောအသားများ (ဘေကွန်/ဟော့ဒေါ့)၊ ထမင်းဖြူနှင့် အရက်၊ ဘီယာများသည် ရောင်ရမ်းမှုနှင့် အဆီသိုလှောင်မှုအားလုံးကို ဖြစ်ပေါ်စေသည်။ အဆိုပါပစ္စည်းများတွင် အသွင်ပြောင်းဆီ သို့မဟုတ် ပြည့်ဝဆီ၊ သန့်စင်ပြီး ဂျုံမှုန့်၊ သကြားနှင့် တစ်ခါတစ်ရံ ဖြည့်စွက်ပစ္စည်းများပါရှိသောကြောင့် ဝမ်းဗိုက်အဆီတိုးစေနိုင်သည့်အစားအစာများဖြစ်သည်။

အရက်သောက်ခြင်း (အထူးသဖြင့် ဘီယာ) သည် အဆီလောင်ကျွမ်းမှုကို နှေးကွေးစေပြီး အဆီသိုလှောင်မှုကို အားပေးသည်။ တချို့သော သစ်သီးအခြေခံသရေစာများတွင်ပင် သကြားနှင့် အမျှင်ဓာတ်နည်းပါးသော အသီးအနှံများပါဝင်နိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော သရေစာများ၊ အခွံမာသီး သို့မဟုတ် ပေါက်ပေါက်ကဲ့သို့သော အရာများပင် လျှို့ဝှက်ကယ်လိုရီများနှင့် ခွဲဝေထိန်းချုပ်မှုမရှိခြင်းကြောင့် လွန်ကဲစွာစားသုံးပါက ကိုယ်အလေးချိန်တက်လာနိုင်သည်။ ထို့ကြောင့် ဘယ်ရီသီး၊ အခွံမာသီး၊ အစေ့အဆန်များ၊ ဂရိဒိန်ချဉ်နှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော အစားအစာအားလုံးကိုရွေးချယ်ပြီး သကြားနှင့် အရွယ်အစားများကို ထိန်းချုပ်နိုင်ရေးအညွှန်းများကို အာရုံစိုက်ဖတ်ရန် လိုအပ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

---

# တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံမှ ပိန်းရိုးခြောက်များကိုဝယ်ယူရန် ကမ်းလှမ်းလာ

**ရန်ကုန် မတ် ၂**

တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံမှ ပိန်းရိုးခြောက်များကိုဝယ်ယူရန် ကမ်းလှမ်းလာကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

"တောင်ကိုရီးယားနိုင်ငံမှာ ပိန်းရိုးခြောက်ဝယ်လိုအားရှိနေတဲ့အတွက် မြန်မာနိုင်ငံကနေ ဝယ်ယူတင်သွင်းလိုကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို အကြောင်းကြားလာတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံမှ ပိန်းရိုးခြောက်များကို တောင်ကိုရီးယားနိုင်ငံ Incheon မြို့ရှိ Fresh Leaders Co.,Ltd. မှဝယ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့မှ လယ်ယာထွက်ကုန်များကိုတင်သွင်း၍ ပြည်တွင်းရှိ နာမည်ကြီးကုမ္ပဏီများဖြစ်သည့် Ottogi Corporation နှင့် CJ Group သို့ ဖြန့်ဖြူးနေသောကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ကိုရီးယားအမဲသားစွပ်ပြုတ် (အစပ်အရသာ) ထုတ်လုပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ်အသုံးပြုရန် ပိန်းရိုးခြောက်ဝယ်လိုအားရှိသဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းလိုခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံသို့ ပိန်းရိုးခြောက်တင်ပို့လိုသည့် အသင်းဝင်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီအမည်၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်အမည်၊ ရာထူး၊ ဖုန်းနံပါတ် (Viber)တို့ကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရုံးမှတစ်ဆင့် ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**ဖြူဖြူ**

★ **စာမျက်နှာ ၁၅ မှအဆက်**

ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါက်တာ ဌေးဌေးခိုင်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ညွန့်ယဉ်ဝင်း၊ ဒေါ်သီတာအောင်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်နန်းအေခန့်၊ ဒေါ်ခင်သီတာ၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်စမ်းစမ်းအေး၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်နီလာ၊ ဒေါ်ဝါဝါသင်း၊ ဒေါ်သဇ္ဇာဝင်းစိန်၊ ဒေါက်တာဒေါ်နန်းကူးကူ၊ ဒေါ်သီတာလွင်တို့အားလည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၏ဇနီးက သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်တင်မိုးနွယ်၊ ဒေါက်တာအေးခိုင်ညွန့်၊ ဒေါ်ခင်နှင်းဝေ၊ ဒေါ်မာလာတင့်၊ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်လှဝင်း၊ ဒေါ်စုညွန့်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါက်တာနန္ဒာမွန်းနှင့် ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝိသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

## သဲကုန်းမြို့နယ်၌ နွေစပါး ဧက ၁၇၅၇၀ စိုက်ပျိုးရန်လျာထား



**သဲကုန်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ နွေစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း မျိုးသန့်တိုးပွားစေရန်၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယခုနှစ်တွင် နွေစပါးစိုက်ဧက ၁၇၅၇၀ စိုက်ပျိုးသွားရန်လျာထားကြောင်းသိရသည်။

သဲကုန်းမြို့နယ်အတွင်းရှိဒေသခံတောင်သူများအနေဖြင့် စပါးစိုက်ဧကများအား ကြဲ၍စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စနစ်တကျစိုက်ပျိုးခြင်းနည်းများဖြင့်စိုက်ပျိုးကြပြီး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် တမံပိတ်စနစ်၊ ဆည်ရေသောက်စနစ်၊ ဆိုလာရေတင်စနစ်၊ ချောင်းပိတ်စနစ်နှင့် စပါးစိုက်ဧကများတွင် ငါးမွေးမြူရေးစနစ်များဖြင့် စိုက်ပျိုးလျက်ရှိရာ မတ်လ ၁ ရက်အထိ စိုက်ဧကပေါင်း ၇၇၃၂ ဧက စိုက်ပျိုးထားနိုင်ပြီးဖြစ်သည်။

ထို့ပြင် တောင်သူများအနေဖြင့် ရတနာတိုး၊ ဗီယက်နမ်၊ ရက်-၉၀၊ YSR(1)၊ မနောသုခ၊ ထိုင်းနံ့ကောက်၊ ရေဆင်းပေါ်ဆန်းစပါးမျိုးများအား အများဆုံးစိုက်ပျိုးထားကြောင်းနှင့် သဲကုန်းမြို့နယ် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် နွေစပါးပန်းတိုင်အထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ မြေဩဇာများတောင်သူလက်ဝယ်အရောက် ဖြန့်ဖြူးပေးခြင်းတို့ဖြင့် လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ကိုကျော်(သဲကုန်း)

## ပူတာအိုမြို့၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ

**ပူတာအို မတ် ၂**

ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ မတ်လ ၂ ရက် နံနက်ပိုင်းတွင် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကိုကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွေးတို့က မိုးစပါး၊ ဆီမုန်ညင်းသီးနှံနှစ်သီးထပ်အမြင့်မားဆုံးစိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ ဇီးအွန်ကျေးရွာမှ တောင်သူဦးဒီးနဖုန်၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်း တစ်ဧကအထွက်နှုန်းအမြင့်မားဆုံး စိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ နောင်ခိုင်ကျေးရွာမှ တောင်သူ ဦးထွန်းထွန်းလင်း၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်းတစ်ဧက အထွက်နှုန်းအမြင့်မားဆုံး စိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ လန်းနို-၂ကျေးရွာမှ တောင်သူ ဦးစိုင်းလှထွန်း၊ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်းတစ်ဧက အထွက်နှုန်းအမြင့်မားဆုံး စိုက်ပျိုးဆောင်ရွက်ခြင်း တောင်သူဆုရ ပန်းလှိုင်ရပ်ကွက်မှ တောင်သူဒေါ်စွဲ့အေးဟွမ်နှင့် ဘက်စုံစိုက်ပျိုးရေးလုပ်ငန်း တောင်သူအများစိုက်ပျိုးလာရန်စည်းရုံးနိုင်ခြင်း တောင်သူဆုရ ဟိုခိုရပ်ကွက်မှတောင်သူဦးအားဖူတို့အား ဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ တောင်သူများက စက်မှုလယ်ယာဦးစီးဌာနမှ ခင်းကျင်းပြသထားသော လက်တွန်းထွန်စက်ပြပွဲများကို ကြည့်ရှုအားပေးကြပြီး စက်မှုလယ်ယာဦးစီးဌာနက လက်ကိုင်ရှည် လက်တွန်းထွန်စက် လက်စွဲစာအုပ်များကို တောင်သူများအားဖြန့်ဝေပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အမြိုက်ချမ်းသာ ရစေသော

* မင်းလွင်မြူခိုး၊ တောင်ကိုမိုးလျက်

တောင်ရိုးတစ်ခွင်၊ ထက်ဝန်းကျင်၌

တိမ်မျှင်ဝေ့ဝေ့၊ တရွေ့ရွေ့တည့်

တိမ်ငွေ့ဝေဝေ၊ တိမ်ပန်းတွေနှင့်

လေပွေလေရူး၊ တောင်လေမြူးသည်

နွေဦးမိန်လ တပေါင်းတည်း။

* ရာသီကြက်ဆောင်း၊ လတပေါင်းဝယ်

ထနောင်းစိမ်းစို၊ မြရိပ်ညိုတည့်

သံချိုတွန်ကျူး၊ ဥသြမြူးကာ

ဖူးပွင့်ဝေစီ၊ ပန်းရွှေဖီနှင့်

ရိုးနီအင်ကြင်း၊ တောလုံးသင်းသည်

ဝင်းလဲ့ရွှေရည် တပေါင်းတည်း။

* တပေါင်းသာခေါင်၊ လများနောင်ဟု

ဂုဏ်ဆောင်ထင်ရှား၊ ခါတစ်ပါးဝယ်

သားဘုရားရှင်၊ ဖူးမြော်ချင်သည့်

ဖခင်သုဒ္ဓေါ၊ ထက်သန်ဇောကို

မနောကြည်ရွှင်၊ ဘုရားရှင်က

ဖခင်စံမြန်း၊ ကပိလနန်းသို့

လှမ်းတော်မူကာ၊ ကြွချီလာပြီ

အခါလပြည့် တပေါင်းတည်း။

* သြော် . . .

ပြည်တော်ဝင်ရာ၊ အခါတော်နေ့

မွေ့လျော်ဖွယ်ကောင်း၊ လတပေါင်းဝယ်

ဆင့်လောင်းသဒ္ဓါ၊ ပွားတိုးလာပြီး

မြတ်စွာဘုရား၊ သက်ထင်ရှားသို့

ကိုးစားဂုဏ်ရည်၊ ဦးထိပ်တည်လျက်

ကြည်ညိုမြတ်နိုး၊ လက်အုပ်မိုးကာ

ရှိခိုးဦးခိုက်၊ ပူဇော်လိုက်သည်

အမြိုက်ချမ်းသာ ရစေသော။ ။

ရေနံ့သာမောင်ကျော်ညွန့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

☆ စာမျက်နှာ ၁၇ မှအဆက်

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ (အလယ်)တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူ၊ သီရိသုဓမ္မမဏိဇောတရဘွဲ့ရရှိကြသည့် ဦးဇော်လတ်နှင့် ဦးတင်မောင်ဝင်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတရ ဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များကို စာမျက်နှာ ၁၄ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိသုဓမ္မမဏိဇောတရဘွဲ့ရရှိသည့် ဦးဇော်လတ်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါက်တာဌေးဌေးခိုင်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဟသုဓမ္မမဏိဇောတရဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်တင်မိုးနွယ်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသောဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ (အလယ်)တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ဘွဲ့တံဆိပ်တော်နှင့်အဆောင် အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာ

တော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုစတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနား အဖွင့်စာတမ်းကိုဖတ်ကြားလျှောက်ထား၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘုရားကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်က သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား **စာမျက်နှာ ၁၅ သို့** ☆



၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီးတို့က ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီးတို့က ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လောင်းလှူစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Auspicious ceremony to present religious titles for 2026 and donate provisions held





Senior General Min Aung Hlaing and the congregation share the merits gained.

NAY PYI TAW March 2

An auspicious ceremony to present religious titles for 2026 and donate provisions was held at Aggadipati Sasana Beikman in the precinct of Maravijaya Buddha Park here this afternoon, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who presented religious titles and provisions and offertories.

Present were Sayadaws from the country and abroad and a nuns who will receive religious titles led by Chairman of State Sangha Maha Nayaka Committee (SSMNC) Thanlyin Minkyaung Monastery Sayadaw Abhidhaja Maha Rattha Guru Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit Monastery Sayadaw of Dhamma Thamaindi pariyati school in Mandalay Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa. The Senior General and wife were accompanied by SSPC Vice Chairman Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dway and wife, SSPC Secretary General Ye Win Oo and wife, SSPC members and wives, union-level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander and officials, and lay persons who won Sasana Nuggaha Title.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present offertories to a Sayadaw.

After opening the ceremony by reciting Namotassa three times, Deputy Minister for Religious Affairs and Culture U Aye Tun read out the agenda and declared the ceremony open.

The Senior General and wife and the congregation received the Nine Precepts from the SSMNC Chairman Sayadaw.

The SSMNC Chairman Sayadaw, winner of Abhidhaja Maha Rattha Gugu Title, delivered Ovdakahta and Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated religious matters.

At the ceremony, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing presented Abhidhaja Maha Rattha Guru Title and insignia to the SSMNC Chairman Sayadaw.

Commission Vice Chairman Vice-Senior General Soe Win offered Abhidhaja Maha Rattha Guru Title and insignia to Dr Bhaddanta Vijjananda Bhivamsa of Maha Gandayon Monastey of Sagaing.

Commission member Prime Minister U Nyo Saw also presented Abhidhaja Maha Rattha Guru Title and insignia to Naya Monastery Sayadaw Bhaddanta Nandiya of Dekkhinayama Phayagyi Monastery of Chanmyathazi Township in Mandalay Region; Commission member Executive Chief U Aung Lin Dway, Abhidhaja Maha Rattha Guru Title and insignia to Maha Withutayama (Central) Monastery Sayadaw Bhaddanta Paññajota of Pakokku in Magway Region; and Commission Secretary General Ye Win Oo, Abhidhaja Agga Maha Saddhamma Jotika Title and insignia to Monastic Education Post-Primary School Sayadaw Bhaddanta Nayaka Bhivamsa of Myingyan in Mandalay Region, respectively.

Furthermore, Commission members, union-level dignitaries, union ministers, senior military officers from the Office of the Commander-in-Chief and officials offered Abhidhaja Agga Maha Saddhamma Jotika, Agga Maha Pandita, Agga Maha Saddhamma Jotikadhaja, Agga Maha Ganthavacaka Pandita and Agga Maha Kammathanacariya Titles and insignia to Title recipient Sayadaws.

The wife of the Senior General

See Page - 21►►

# More than 4,000 acres of chickpea cultivated in Dabayin Township

DABAYIN March 2

YeU District Agriculture Department stated that local farmers planted 4,985 acres of chickpea as cold season crops in Dabayin Township of Sagaing Region this year.

During the 2025-2026 winter crop growing season, chickpea cultivation in Dabayin Township was planned to cover 8,483 acres. Planting began in October 2025, and as of today, 4,985 acres have already been planted.

"During the winter cropping season in Dabayin Township, more than 8,000 acres of chickpeas were planned, and cultiva-ion has been completed on more than 4,000 acres so far," said U Zaw Myint Tun, District Head of the YeU District Department of Agriculture. "We are continuing efforts to ensure that the planned acreage target is fully met. Chickpea cultivation has been improving year by year. To enhance yields and quality, we are working together with farmers to provide quality seeds, necessary inputs, and post-harvest technologies."

In chickpea cultivation, farmers are reportedly selecting locally suitable, high-yielding varieties such as Yezin-8 and Yezin-11. It is also reported that cultivating chickpeas costs more than Ka-300,000 per acre.

During the winter cropping season in Dabayin Township, for the cultivation of various pulse crops, relevant departments are working in cooperation with farmers to provide quality seeds, agricultural inputs, and post-harvest technologies needed to improve yields and quality. In addition, awarenessraising and extension activities are being carried out through lead farmers to encourage the use of beneficial Trichoderma fungi during the pulse-growing period.

Sagaing Region is the leading region nationwide in terms of cultivated area for pulse production. Pulses can be grown as a main crop as well as through multiple and intercropping systems, and farmers are therefore cultivating pulse crops as an important source of income.

**SMK**

# More than 2,000 acres of sunflower planted in Kanbalu Township

KANBALU March 2

According to Kanbalu Township Agriculture Department, local farmers completed cultivation of sunflower on 2,938 acres of croplands in Kanbalu Township of Sagaing Region this cold season.

During the 2025-2026 winter crop growing season, sunflower cultivation in Kanbalu Township was planned to cover 3,044 acres. Planting began in October 2025, and as of today, 2,938 acres have already been planted.

"During the winter cropping season in Kanbalu Township, more than 3,000 acres of sunflower were planned, and cultivation has been completed on over 2,000 acres so far," said U Myo Zaw, Township Head of the Kanbalu Township Department of Agriculture. "We are continuing efforts to ensure that the planned acreage target is fully met. In order to reduce reliance on imported palm oil, we will promote expanded cultivation of sunflower as an oilseed crop. As an oilseed, sunflower produces a higher oil yield per acre than other crops such as groundnut and sesame."

In Kanbalu Township, the relevant Township Department of Agriculture is intensifying extension and training programs to promote expanded sunflower cultivation. Training activities are also being accelerated to enhance the capacity and performance of both departmental staff and farmers who plan to grow sunflower.

In addition, arrangements are being made to support sunflower farmers in Kanbalu Township by providing seeds, supplying urea fertilizer at affordable prices, and distributing harvested sunflower seed through farmer-to-farmer exchange systems.

**SK**

# Farmers exceed target of groundnut in Homalin Township this winter

KALAY March 2

Local farmers grew groundnut as cold season crops in Homalin Township of Sagaing Region, exceeding the target cultivation, according to the township Agriculture Department.

During the 2025-2026 winter cropping season, farmers in Homalin Township planned to cultivate 2,022 acres of groundnuts. Planting began in October last year, and a total of 9,975 acres have been fully planted so far.

"In Homalin Township, we initially planned to plant 2,022 acres of groundnuts, but so far, we have planted 9,975 acres, exceeding the planned area. Groundnut cultivation is progressing successfully. Oilseed crops are also performing well. Year by year, groundnut farming continues to improve," said Daw Su Su Htwe, Head of the Homalin Township Agriculture Department.

In Homalin Township, groundnut cultivation requires planting one variety per acre, with total expenses exceeding Ks-200,000 per acre, including seed costs, labor wages, fertilizers, and pesticides. Each acre produces more than 50 baskets of groundnuts.

To ensure successful cultivation, prevent pest and disease outbreaks, and maintain clean crop fields, staff from the Township Agriculture Department conduct on-site inspections, take clearance records, and provide ongoing field support. **SMK**

# Sagaing District expands sown acreage of onions in cold season

SAGAING March 2

Statistics of Sagaing District Agriculture Department stated that local farmers could expand sown acreage of onions in Sagaing District of Sagaing Region this year.

During the 2025-2026 winter crop growing season, a total of 4,765 acres of onions were planned for cultivation in Sagaing District, Sagaing Region. Planting began in October 2025, and as of now, 1,914 acres have been planted in Sagaing Township, 1,077 acres in Myinmu Township, and 1,855 acres in Myaung Township, bringing the total planted area to 4,846 acres.

"In the winter cropping season in Sagaing District, onions were planned for cultivation on 4,765 acres, and planting has already been completed on 4,846 acres," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture. "At present, cultivation has exceeded the target acreage. Onion cultivation is proceeding as usual, and efforts are also being made to link farmers with markets so that they can obtain good prices."

For the 2025-2026 winter cropping season, the township-wise onion cultivation targets in Sagaing District were set at 1,802 acres in Sagaing Township, 1,110 acres in Myinmu Township, and 1,853 acres in Myaung Township, totalling 4,765 acres.

In Sagaing District, the respective township Departments of Agriculture are providing support to onion farmers by facilitating market linkages to ensure better prices, offering technical guidance to improve storability, promoting cultivation using GAP (Good Agricultural



Practices), and working to produce high-quality onions.

Onion farmers reportedly incur production costs of around Ks-1.8 million per acre, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the main onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu. **SK**

## Moscow in constant contact with leadership of Iran - Kremlin

MOSCOW March 2

Moscow is in constant contact with the leadership of Iran, Kremlin spokesman Dmitry Peskov said on Monday.

"I can say that we are in constant contact with the Iranian leadership. And we are discussing the situation around this country," Peskov told reporters.

Russia also continues to communicate with the leadership of the countries affected by the Iranian conflict, including Persian Gulf states, Peskov added.

Russia expresses disappointment that the situation has deteriorated to direct aggression amid the information about progress in the Iranian-US negotiations, Dmitry Peskov said.

"As for the negotiations that were mediated by Oman between the United States and Iran, then, of course, one can express deep disappointment that, against the background of incoming information about significant progress in these negotiations, the situation has deteriorated to direct aggression anyway," Peskov told reporters.

Russia remains committed to a political and diplomatic settlement even after the US attack on Iran, Peskov said.

"Of course, we are analyzing the situation and drawing appropriate conclusions, but we continue to work in our interests," Peskov added.

Membership in the BRICS does not provide for obligations to provide mutual assistance in the event of armed aggression, and there are no contacts on Iran within the framework of the association yet, Peskov said.

"Membership in BRICS does not provide for obligations to provide mutual assistance during armed aggression — it is an organization of a different nature, and it is about cooperation in other areas. This is the first one. There are no contacts with the BRICS countries yet," Peskov told reporters.

**Sputnik**

## Death toll in India's Nagpur explosive factory blast rises to 19



NEW DELHI March 2

The death toll in a massive blast inside an industrial explosives manufacturing factory in the western Indian state of Maharashtra has risen to 19, officials said Monday.

Twenty-three others injured in the blast are undergoing treatment at various hospitals.

The blast at SBL Energy Limited took place on Sunday morning at Raulgaon village of Nagpur district, about 791 km northeast of Mumbai, the capital city of Maharashtra.

"Today, an injured worker succumbed in the hospital, thus taking the death toll to 19," a police official said.

The local government has ordered a probe to ascertain the cause of the accident.

Meanwhile, police have arrested nine directors of SBL Energy Limited, and efforts are underway to apprehend the remaining accused in the case.

A local government minister, Chandrashekhar Bawankule, told the media that there was "negligence" on the part of SBL Energy Limited, and safety measures were not followed by the explosives manufacturer.

**Xinhua**

## US mass shooting possibly motivated by Iran strikes – media

TEXAS March 2

The gunman who killed two people and injured over a dozen in Texas may have been motivated by US strikes on Iran that killed the country's supreme leader and caused widespread civilian casualties, according to law enforcement sources cited by US media.

The attack occurred in a busy nightlife district in Austin near the University of Texas shortly before 2am on Sunday.

The suspect, identified as 53-year-old Ndiaga Diagne, opened fire outside Buford's Backyard Beer Garden, killing two people and injuring at least 14 others. The naturalized US citizen, originally from Senegal, drove past the venue several times before stopping and firing a pistol from his SUV at people gathered outside, according to Austin Police Chief Lisa Davis.

A law enforcement source familiar with the investigation told the New York Post that the violence was "potentially an act of vengeance over the US attack on Iran."

Alex Doran, the acting agent in charge of the FBI's San Antonio office, said the shooting was being investigated as a potential act of terrorism. "It's still too early to make a determination on that," Doran added.

The incident occurred a day after US and Israeli forces launched a large-scale strike on Iran, killing Supreme Leader Ayatollah Ali Khamenei, senior officials, and hundreds of civilians, including more than 100 children, according to Iranian authorities. Tehran has since retaliated with missile and drone strikes targeting US and Israeli military bases across the Middle East. A Reuters/Ipsos poll published on Sunday found that only one in four Americans backed the strikes, with roughly half of respondents saying US President Donald Trump is too eager to use military force.

"Combat operations continue at this time in full force, and they will continue until all of our objectives are achieved," Trump declared in a Sunday evening address.

**RT**

## 17 killed, 15 injured in Pakistan military strikes in eastern Afghanistan in 1 day

KABUL March 2

At least 17 civilians were killed and 15 others injured over the past 24 hours following attacks carried out by Pakistani military forces in eastern Afghanistan, the local media Tolo News said on Monday.

The casualties were reported after military strikes hit residential areas in Nangarhar and Kunar provinces. The wounded were transferred to nearby medical facilities for treatment while the condition of several injured remains serious, the report said.

Authorities said women and children were among the victims, and assessments of casualties and damages are ongoing.

In recent days, military tensions between Afghanistan and Pakistan have escalated with several rounds of exchange of ire.

**Xinhua**




## Türkiye's ruling party condemns U.S.-Israeli attacks on Iran as "unlawful"

ANKARA March 2

Türkiye's ruling Justice and Development Party (AK Party) on Monday denounced recent strikes by the United States and Israel against Iran, calling them a violation of international law.

"The attack carried out by the U.S. and Israel against our neighbor Iran is unlawful, unjust, lacks legal legitimacy, and violates international law," AK Party spokesperson Omer Celik said in a statement following a meeting of the party's Central Decision-Making and Management Board.

Celik criticized the timing of the strikes, noting they occurred while nuclear negotiations were still ongoing, signaling a departure from diplomacy and dialogue.

"Such interventions against a UN member state have no legal basis," he added.

The statement echoed comments made late Saturday by Turkish President Recep Tayyip Erdogan, who said in Istanbul that the attacks violated Iran's sovereignty and threatened the safety of its people.

Erdogan expressed sorrow and concern over the escalation, while also reiterating that Iran's own attacks on Gulf countries were unacceptable.

Warning that the region risked being "dragged into a circle of fire" without restraint and diplomatic engagement, Erdogan called for urgent action to prevent further bloodshed. He added that Ankara would intensify diplomatic efforts to secure a ceasefire and revive negotiations.

The United States and Israel launched large-scale airstrikes against Iran on Saturday morning, prompting retaliatory missile and drone attacks from Tehran on Israel and U.S. assets in the Gulf region.

**Xinhua**

►► From Page - 18

also presented Agga Maha Ganthavacaka Pandita Title and insignia to Nun Daw Kalyasingi of Thameikdawdaya Nunnery in Sagaing of Sagaing Region.


Afterwards, the Senior General presented Agga Maha Thiri Thudhamma Manizawtadhara Title and insignia to U Kyaw Soe Win (a) U Khant Sithu and Thiri Thudhamma Manizawtadhara Title and insignia to U Zaw Latt and U Tin Maung Win, respectively.

The Commission Vice Chairman handed Thiha Thudhamma Manizawtadhara Title and insignia to Thura U Myint Maung.

The wife of the Senior General gave Agga Maha Thiri Thudhamma Theingi Title and insignia to Dr Htay Htay Khaing, Daw Htay Htay Win, Daw Nyunt Yin Win and Daw Thida Aung, Thiri Thudhamma Theingi Title and insignia to Daw Nang Aye Khant and Daw Khin Thida, Thiha Thudhamma Theingi Title and insignia to Daw San San Aye, Daw Ohnma Myint, Daw Nilar, Daw War War Thin, Daw Thinza Win Sein, Dr Daw Nang Kue Ku and Daw Thida Lwin while the wife of the Vice-Senior Geneal presented Thiha Thudhamma Theingi Title and insignia to Daw Tin Moe Nwe, Dr Aye Khaing Nyunt, Daw Khin Hnin Wai, Daw Marlar Tint, Dr Daw Tin Lin Myint, Daw Khin Lay Myint, Daw Khin Hla Win, Daw Su Nyunt Oo, Daw Than Than Aye, Dr Nanda Hmun and Daw Kyu Kyu Soe, respectively.



Senior General Min Aung Hlaing presents Thiri Thudhamma Manizawtadhara Title to U Tin Maung Win.



Daw Kyu Kyu Hla presents Agga Maha Thiri Thudhamma Theingi Title to Daw Nyunt Yin Win.

Secretary of SSMNC Patron of Masoeyein Taikthit Monastery Sayadaw of Dhamma Thamaindi pariyati school in Mandalay Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa delivered a sermon, and the congregation shared merits gained. The ceremony ended with three-time recitation of "Buddha Sasanam Ciram Titthatu".

The rice offering ceremony followed. The Senior General and his wife together with Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member Prime Minister U Nyo Saw and his wife, Commission member Executive Chief U Aung Lin Dway and his wife, Commission Secretary General Ye Win Oo and his wife, Commission members and their wives, union-level dignitaries, union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command, departmental personnel and well-wishers offered rice and alms to the Sayadaws and the nun who have accepted religious titles for 2026 at relevant pavalions in the precinct of Maravijaya Buddha Park.

**100**

# Farmers plant vegetable plants on extended sown acreage in Homalin District

HOMALIN Mach 2

Local farmers expanded cultivation of vegetable crops to exceed the target cultivation in Homalin District of Sagaing Region, according to the District Agriculture Department.

During the 2025-2026 winter cropping season, Homalin District plans to cultivate 2,950 acres of vegetable crops. Planting began in October 2025, and as of today, 2,895 acres have been planted in Homalin Township and 125 acres in Mobailuk Town, bringing the total cultivated area to 3,020 acres, according to reports.

"During this winter cropping season in Homalin District, 2,950 acres of vegetable crops were originally targeted for cultivation, but as of today 3,020 acres have already been planted. The crops include mustard greens, chilli, culinary herbs, potatoes, cabbage, eggplant and cauliflower. Farmers are being provided with technical guidance so that all vegetables can be cultivated in line with GAP standards. We are also giving farmers technical support to ensure that vegetables are grown in a health-compliant manner with minimal chemical residues," said Daw Su Su Htway, District Head of the Homalin District Department of Agriculture.

For the 2025-2026 winter cropping season, the township-wise cultivation targets for vegetable crops in Homalin District are 2,850 acres in Homalin Township and 100 acres in Mobailuk Town, totalling 2,950 acres, it is reported.

This year, the relevant township Departments of Agriculture in Homalin District are providing vegetable farmers with technical training on GAP-based cultivation methods, guidance to ensure that vegetables produced from farms are safe and suitable for consumption, and support to encourage the expansion of vegetable cultivation.

In Homalin District, a wide variety of seasonal vegetables are cultivated annually. These crops are reported to be growing successfully and contributing to household incomes. Township Departments of Agriculture are also raising awareness among vegetable farmers on correct cultivation practices, pest prevention, and the preparation and use of organic fertilizers, natural pesticides and repellents.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## (မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ)

နိုင်အောင်

# အရှေ့အလယ်ပိုင်းရှိ ဒေသတွင်းနိုင်ငံများအတွက်ပါ မလိုလားအပ်သည့် အကျိုးဆက်များကိုဖြစ်ပေါ်စေသည့် အပြန်အလှန်တိုက်ခိုက်မှုများ




အီရန်နိုင်ငံအပေါ် အမေရိကန်နှင့်အစ္စရေးတို့က တိုက်ခိုက်မှုများတိုးမြှင့်လုပ်ဆောင်နေစဉ် အစ္စရေးနိုင်ငံက မတ်လ ၂ ရက်တွင် လက်ဘနွန်နိုင်ငံအပေါ် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အီရန်အရေးသည် ဒေသတွင်းပဋိပက္ခများကို ပိုမိုကျယ်ပြန့်လာစေခဲ့သည်ကိုတွေ့ရသည်။

အီရန်နိုင်ငံ၏ အဓိပတိ အယာတိုလာ အလီခါမေနီ လုပ်ကြံခံရမှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇဘိုလာပြောက်ကျားအဖွဲ့က အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့်ပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အပါအဝင် ယင်းနိုင်ငံတစ်ဝန်းရှိ ပစ်မှတ်များကို အပြင်းအထန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်က အီရန်နိုင်ငံတစ်ဝန်းရှိပစ်မှတ်များကို တိုးမြှင့်တိုက်ခိုက်နေစဉ်အတွင်း တီဟီရန်မြို့လယ်ကောင်၌လည်း ထိုးစစ်ဆင်မှုကြီးများ ဆက်လက်ဖြစ်ပွားနေကြောင်း အစ္စရေးတပ်မတော်က ပြောကြားထားသည်။

ထို့အတူ အီရန်နိုင်ငံရှိ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ဌာနချုပ်ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု အမေရိကန်အစိုးရ၏ပြောကြားမှုကို လက်တုံ့ပြန်သည့်အနေဖြင့် အီရန်တပ်မတော်က အရှေ့အလယ်ပိုင်းရှိ အမေရိကန်၏ပစ်မှတ်များအား ဒုံးကျည်များနှင့် ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေးနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့တွင် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။

ထို့ပြင် မတ်လ ၂ ရက် နံနက်ပိုင်းတွင် ဒိုဟာ၊ ဒူဘိုင်းနှင့်မာနားမားမြို့ကြီးများ၌လည်း ပေါက်ကွဲသံများကို ထပ်မံကြားခဲ့ရကြောင်း အေအက်ဖ်ပီသတင်းထောက်များကပြောသည်။ ထိုသို့တိုက်ခိုက်မှုများမြင့်တက်နေသော်လည်း အီရန်နိုင်ငံအနေဖြင့် အမေရိကန်အစိုးရနှင့် ညှိနှိုင်းဆွေးနွေးရန် အစီအစဉ်မရှိဟု အီရန်အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် အလီလာရီဂျာနီက မတ်လ ၂ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

တစ်ချိန်တည်းမှာပင် ဒေသအတွင်း အပြန်အလှန်တိုက်ခိုက်မှုများ မြင့်တက်လာစဉ် ဆော်ဒီအာရေဗျနိုင်ငံရှိ အကြီးဆုံးပြည်တွင်းရေနံချက်စက်ရုံသည် မတ်လ ၂ ရက်တွင် ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီးနောက် စက်ရုံကိုပိတ်သိမ်းလိုက်ကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားလိုက်သည်။

ဆော်ဒီအစိုးရပိုင် ရေနံကုမ္ပဏီကြီးတစ်ခုဖြစ်သော Aramco ၏ တစ်ရက်လျှင် ရေနံစည်ပေါင်း ၅၅၀၀၀၀ ထွက်ရှိသည့် ရက်စ်တာနူရာ ရေနံချက်စက်ရုံကို ကြိုတင်ကာကွယ်မှုအဖြစ် ပိတ်ထားခြင်းဖြစ်သည်။ အဆိုပါစက်ရုံသည် ဆော်ဒီအာရေဗျနိုင်ငံ၏ ပင်လယ်ကွေ့ရှိစွမ်းအင်ဆိုင်ရာအချက်အချာနေရာတွင်တည်ရှိပြီး ဆော်ဒီမှထုတ်လုပ်သည့်ရေနံစိမ်းများအား ပြည်ပသို့တင်ပို့ရာတွင် အရေးပါသောဆိပ်ကမ်းတစ်ခုလည်းဖြစ်သည်။

လက်ရှိတွင် အစ္စရေးနှင့်အမေရိကန်တို့၏တိုက်ခိုက်မှုများ၊ အီရန်နိုင်ငံ၏ လက်တုံ့ပြန်တိုက်ခိုက်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ အခြေခံအဆောက်အဦနှင့် စက်ရုံအားလုံးကို ရပ်နားထားပြီး အီရတ်နိုင်ငံ ကာ့ဒ်ဒေသရှိရေနံထုတ်လုပ်မှုအများစုနှင့်အစ္စရေးနိုင်ငံ၏အဓိကသဘာဝဓာတ်ငွေ့လုပ်ကွက်အချို့ကိုပါ ဆိုင်းငံ့လိုက်ရပြီဖြစ်သည်။ ထိုသို့သောအခြေအနေကြောင့် အစ္စရေးနိုင်ငံမှ အီဂျစ်နိုင်ငံသို့ စွမ်းအင်တင်ပို့မှုများလည်း ပြတ်တောက်လျက်ရှိရာ အီရန်အပေါ် အစ္စရေးနှင့် အမေရိကန်တို့၏ တိုက်ခိုက်မှုသည် ဒေသတွင်းနိုင်ငံများအတွက်ပါ မလိုလားအပ်သည့် အကျိုးဆက်များကိုဖြစ်ပေါ်စေလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: Iz, ST

## အီရန်၏လုံခြုံရေးကိုထောက်ခံအားပေးကြောင်း ဝမ်ယိအတည်ပြုပြောကြား

တရုတ်နိုင်ငံအနေဖြင့် တရုတ်နှင့်အီရန်နှစ်နိုင်ငံကြားရှိ အစဉ်အလာအရချစ်ကြည်ရေးကို တန်ဖိုးထားကြောင်းနှင့် အီရန်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်ရာတွင် ထောက်ခံအားပေးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက မတ်လ ၂ ရက်တွင် ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဝမ်ယိသည် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်အဘတ်စ်အရတ်ချီနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးစဉ် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဝမ်ယိသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

Ref: Xinhua



## ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့၏ ထောက်လှမ်းရေးဌာနချုပ် အကြီးအကဲကို ချေမှုန်းသတ်ဖြတ်ခဲ့ဟု အစ္စရေးထုတ်ပြန်

လက်ဘနွန်နိုင်ငံရှိ ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့၏ ထောက်လှမ်းရေးဌာနချုပ်မှ အကြီးအကဲ ဟူစိန်မက်လက်ကို လေကြောင်းတိုက်ခိုက်မှုအတွင်း ချေမှုန်းသတ်ဖြတ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က မတ်လ ၂ ရက်တွင် ထုတ်ပြန်သည်။

ယခင်ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့ ထောက်လှမ်းရေးဌာနချုပ်အကြီးအကဲ ဟူစိန်ဟာဇီမာသည် အစ္စရေးနှင့်ဟစ်ဇဘိုလာတို့ကြား နယ်စပ်ဖြတ်ကျော်ပဋိပက္ခများအတွင်း လုပ်ကြံခံရပြီးနောက် ၂၀၂၄ ခုနှစ်တွင် မက်လက်က အဆိုပါရာထူးခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့၏ ထောက်လှမ်းရေးဌာနချုပ်သည် အစ္စရေးနိုင်ငံနှင့် သက်ဆိုင်သည့် ထောက်လှမ်းရေးသတင်းများ ရယူစုဆောင်းရန် တာဝန်ယူထားပြီး ဟစ်ဇဘိုလာအဖွဲ့၏ ထောက်လှမ်းရေးလှုပ်ရှားမှုများကိုဦးဆောင်ညွှန်ကြားခြင်းနှင့် မဟာဗျူဟာမြောက် သတင်းအချက်အလက် စုဆောင်းမှုကို လုပ်ဆောင်သည့်အဖွဲ့အစည်းဖြစ်သည်။

လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရသတင်းများအရ လက်ဘနွန်တောင်ပိုင်းနှင့် ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်များအတွင်း မတ်လ ၁ ရက် နံနက်ပိုင်းမှစ၍ လုပ်ဆောင်ခဲ့သည့် အစ္စရေးတို့၏လေကြောင်းတိုက်ခိုက်မှုများအတွင်း အနည်းဆုံး လူ ၃၁ ဦး သေဆုံးပြီး ၁၄၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

Ref: Xinhua

## ၁၀ ကြိမ်မြောက် လုပ်ဆောင်သည့် ဒုံးကျည်တိုက်ခိုက်မှုအတွင်း အစ္စရေးဝန်ကြီးချုပ် ရုံးခန်းကိုထိမှန်ခဲ့ဟု အီရန်ပြော



အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံအပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာပြီးနောက် ၁၀ ကြိမ်မြောက် လုပ်ဆောင်သည့် ဒုံးကျည်တိုက်ခိုက်မှုအတွင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၏ရုံးခန်းကို ထိမှန်ခဲ့ကြောင်း အစ္စလာမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့ကပြောကြားသည်။

တက်စ်နင်သတင်းဌာန၏ဖော်ပြချက်အရ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု၏ ရုံးခန်းနှင့်အစ္စရေးလေတပ်တပ်မှူးတည်ရှိရာနေရာများကို အဓိကပစ်မှတ်ထားပြီး Khyber ဒုံးကျည်များကိုအသုံးပြု၍ အလစ်အငိုက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ပြန်ကြားရေးရုံးကထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ထိခိုက်မှုရှိ၊ မရှိ အတိအကျမသိရသေးကြောင်း အီရန်မီဒီယာများက ဆက်လက်ဖော်ပြသော်လည်း ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ သီးခြားအတည်ပြုချက်တစ်စုံတစ်ရာ ထွက်ပေါ်လာခြင်းမရှိသေးပေ။

ဖေဖော်ဝါရီလ ၂၈ ရက်တွင် အမေရိကန်နှင့် အစ္စရေးတို့ပူးပေါင်းပြီး အီရန်အပေါ် တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အီရန်တပ်မတော်သည် ဒုံးကျည်နှင့် ဒရုန်းများကိုအသုံးပြုပြီး အစ္စရေးနိုင်ငံအပေါ် တုံ့ပြန်တိုက်ခိုက်မှု ၁၀ ကြိမ်ထက်မနည်း လုပ်ဆောင်ထားပြီးဖြစ်သည်။

Ref: PC




## မျိုးဆက်သစ် နျူကလီးယားဓာတ်ပေါင်းဖိုများအတွက် အပူဒဏ်ခံနိုင်ရည်မြင့်မားသည့် သံမဏိအမျိုးအစားသစ်တစ်မျိုးကို ရုရှားသိပ္ပံပညာရှင်များထုတ်လုပ်

**မော်စကို၊ နည်းပညာ**

ရုရှားသိပ္ပံပညာရှင်များသည် မျိုးဆက်သစ် နျူကလီးယားဓာတ်ပေါင်းဖိုများအတွက် အပူဒဏ်ခံနိုင်ရည်မြင့်မားသည့် သံမဏိအမျိုးအစားသစ်တစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ သံမဏိအမျိုးအစားသစ်ကို ခဲသတ္တုအားအအေးခံစနစ်အဖြစ် အသုံးပြုရသည့် ဓာတ်ပေါင်းဖိုများတွင် အသုံးပြုမည့်ပစ္စည်းကိရိယာများအတွက် သီးသန့်ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ နျူကလီးယားဓာတ်ပေါင်းဖိုစနစ်များ၌ လည်ပတ်အပူချိန်သည် ၅၀၀ ဒီဂရီစင်တီဂရိတ် (၉၃၇ ဒီဂရီဖာရင်ဟိုက်)မှ ၆၀၀ ဒီဂရီစင်တီဂရိတ် ( ၁၁၁၂ ဒီဂရီဖာရင်ဟိုက်) အထိရှိသည်။ တစ်နည်းအားဖြင့် ပုံမှန်အသုံးပြုနေကျ VVER-type ဓာတ်ပေါင်းဖိုများသည် အပူချိန်ပိုမိုလျော့နည်းသည့် အခြေအနေတွင် လည်ပတ်လေ့ရှိပြီး ပုံမှန်အားဖြင့် ၃၂၀ ဒီဂရီစင်တီဂရိတ် (၆၀၈ ဒီဂရီဖာရင်ဟိုက်)မှ ၃၅၀ ဒီဂရီစင်တီဂရိတ် (၆၆၂ ဒီဂရီဖာရင်ဟိုက်)ဝန်းကျင်၌ လည်ပတ်လေ့ရှိသည်။

ယခုထုတ်လုပ်လိုက်သည့် သံမဏိအမျိုးအစားသစ်သည် အပူချိန် ၆၀၀ ဒီဂရီစင်တီဂရိတ်အထိ သံချေးတက်ခြင်းကို ခံနိုင်ရည်ရှိပြီး အပူကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဒဏ်များကိုလည်း ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်ဟုဆိုသည်။

အဆိုပါသံမဏိအမျိုးအစားသစ်ကို Proryv ဟုအမည်ပေးထားသည့် စီမံကိန်းအရ ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းစီမံကိန်းသည် Fast Neutron Reactor များကို အသုံးပြုပြီး နျူကလီးယားလောင်စာများကို ပြန်လည်သန့်စင်၍ အသစ်တစ်ဖန်ပြန်လည်အသုံးပြုသည့်စနစ်ကိုလက်တွေ့အကောင်အထည်ဖော်ရန် အဓိကကြိုးပမ်းနေသည့် စီမံကိန်းဖြစ်သည်။ **Ref: NA**

## ဆိုက်ပရပ်စ်နိုင်ငံရှိ ဗြိတိသျှလေတပ်အခြေစိုက်စခန်း ဒရုန်းဖြင့်တိုက်ခိုက်ခံရ

**အက်ခရိုတီရီ၊ စစ်ရေး**




ဆိုက်ပရပ်စ်နိုင်ငံရှိ ဗြိတိသျှလေတပ်အခြေစိုက်စခန်းတစ်ခုတွင် ဒရုန်းဖြင့်တိုက်ခိုက်ခံခဲ့ရပြီး ပျက်စီးမှုအနည်းငယ်ရှိသော်လည်း လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ဆိုက်ပရပ်စ်နှင့် ဗြိတိန်တာဝန်ရှိသူများက မတ်လ ၂ ရက်တွင်ပြောကြားသည်။

ဒရုန်းတိုက်ခိုက်မှုသည် ဗြိတိသျှတော်ဝင်လေတပ်၏ အက်ခရိုတီရီစစ်အခြေစိုက်စခန်းတွင် မတ်လ ၁ ရက် ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စစ်အခြေစိုက်စခန်းသို့ ဦးတည်လာသည့်ဒရုန်းနှစ်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဆိုက်ပရပ်စ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက လူမှုကွန်ရက်တွင် ဖော်ပြထားသည်။

မတ်လ ၁ ရက် ညပိုင်းက ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း စစ်အခြေစိုက်စခန်း၏ လေယာဉ်ပြေးလမ်းကို ထိမှန်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုသည် ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေရာနေရာတစ်ခုဖြစ်ပြီး နိုင်ငံခြားကုမ္ပဏီပေါင်းထောင်ချီ အခြေစိုက်ရာ မြေထဲပင်လယ်အရှေ့ပိုင်းရှိ ဆိုက်ပရပ်စ်နိုင်ငံကို တုန်လှုပ်သွားစေခဲ့ကြောင်းသိရသည်။

အဆိုပါအက်ခရိုတီရီ စစ်အခြေစိုက်စခန်းသည် ယခင်က အီရတ်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့အတွင်း၌ စစ်ဆင်ရေးများလုပ်ဆောင်စဉ်အသုံးပြုခဲ့သော စစ်အခြေစိုက်စခန်းဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် လစ်ဗျားလက်နက်ကိုင်များ၏တိုက်ခိုက်ခြင်းကိုခံခဲ့ရဖူးကြောင်း သိရသည်။

**Ref: ST**

## အီရန်ပြီးနောက် ကျူးဘားနိုင်ငံက အမေရိကန်၏နောက်ထပ်ပစ်မှတ်ဖြစ်လာနိုင်ဟုဆို



**ဝါရှင်တန်၊ နိုင်ငံရေး**

အီရန်နိုင်ငံပြီးနောက် ကျူးဘားနိုင်ငံသည် အမေရိကန်၏ နောက်ထပ်ပစ်မှတ်ဖြစ်လာမည်ဟု အမေရိကန်အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်က မတ်လ ၂ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ကျူးဘားနိုင်ငံအနေဖြင့် အီရန်နောက်ပိုင်း ၎င်းတို့အလှည့်ရောက်လာနိုင်ပြီး ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရားမှာလည်း ပြိုလဲတော့မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ နေ့ရက်များကိုလည်း ရေတွက်ရနိုင်ပြီဖြစ်ကြောင်း လင်ဆေးဂရေဟမ်က Fox News ရုပ်သံသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အီရန်အစိုးရ၏အုပ်ချုပ်မှုသည်လည်း အဆုံးသတ်ရန်နီးကပ်နေပြီဟု ဂရေဟမ်က ပြောကြားထားကြောင်း သိရသည်။

ကျူးဘားနိုင်ငံကို ချစ်ကြည်ရင်းနှီးစွာ လွှဲပြောင်းရယူနိုင်မည့် ဖြစ်နိုင်ခြေကို အမေရိကန်အစိုးရက စဉ်းစားလျက်ရှိကြောင်းနှင့် ထိုသို့သောအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံရှိ လက်ရှိအကျပ်အတည်းများနှင့် ယင်းနိုင်ငံအစိုးရနှင့်ဆွေးနွေးမှုများအတွင်း လက်တွေ့ဖြစ်လာနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီလ ၂၇ ရက်တွင် အိမ်ဖြူတော်၌သတင်းထောက်များကိုပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Iz**

## ကာကွယ်ရေးသဘောတူစာချုပ်များအပေါ်အခြေခံ၍ ပင်လယ်ကွေ့နိုင်ငံများအား ကာကွယ်ရေးတွင်ပါဝင်ကူညီရန် ပြင်သစ်အသင့်ရှိဟုဆို

**ပဲရစ်၊ ကာကွယ်ရေး**

ပြင်သစ်နိုင်ငံက ပင်လယ်ကွေ့နိုင်ငံများနှင့် ဂျော်ဒန်နိုင်ငံတို့နှင့်ချုပ်ဆိုထားသည့် ကာကွယ်ရေး သဘောတူစာချုပ်များအပေါ်အခြေခံ၍ ယင်းနိုင်ငံများအား ကာကွယ်ရေးတွင်ပါဝင်ကူညီရန် အသင့်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်းနိုအယ်ဘာရော့က မတ်လ ၂ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။



အမေရိကန်နှင့် အစ္စရေးတို့အနေဖြင့် အီရန်အရေးနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်မလုပ်ဆောင်မီ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဦးစွာဆွေးနွေးတိုင်ပင်သင့်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားရာ၌ ဘာရော့ကထည့်သွင်းပြောကြားပြီး အီရန်အပေါ် စစ်ရေးအရ အရေးယူဆောင်ရွက်မှုများကိုအဆုံးသတ်ရန် ၎င်းကတိုက်တွန်းထားသည်။

ထို့ပြင် တိကျသောရည်မှန်းချက်မရှိဘဲ စစ်ဆင်ရေးများကို အကန့်အသတ်မရှိ ဆက်လက်လုပ်ဆောင်နေခြင်းသည် အီရန်နှင့် ဒေသတွင်းနိုင်ငံများအား ရေရှည်မတည်ငြိမ်မှုများအတွင်းသို့ ဆွဲသွင်းသွားနိုင်သည့်အန္တရာယ်ရှိကြောင်း ၎င်းက သတိပေးခဲ့ကြောင်း သိရသည်။

**Ref: Xinhua**

## ပါကစ္စတန်၏တိုက်ခိုက်မှုများကြောင့် အနည်းဆုံး အာဖဂန်ပြည်သူ ၁၇ ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရ

**ကဘူး၊ စစ်ရေး**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပါကစ္စတန်တပ်မတော်၏ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး အရပ်သား ၁၇ ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းရှိ တိုလိုသတင်းဌာနက မတ်လ ၂ ရက်တွင်ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ နန်ဂါဟာနှင့်ကူနာပြည်နယ်တို့ရှိ လူနေရပ်ကွက်များအပေါ် ပါကစ္စတန်လေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို တာဝန်ရှိသူများက အနီးနားရှိဆေးရုံများသို့ပို့ဆောင်ထားပြီး ၎င်းတို့အနက် အချို့မှာစိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

သေဆုံးသူများအနက်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များပါဝင်ပြီး ထိခိုက်ပျက်စီးမှုနှင့် လူသေဆုံးမှုအခြေအနေများကို အာဖဂန်တာဝန်ရှိသူများက ဆက်လက်စစ်ဆေးလျက်ရှိသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား မကြာသေးမီရက်ပိုင်းအတွင်းမှစ၍ စစ်ရေးတင်းမာမှုများမြင့်တက်လာခဲ့ပြီး နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများလည်း အကြိမ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **Ref: Xinhua**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပ



**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ဧည့်ပရိသတ်များက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ်တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူသော လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ရေလယ်ကလေးကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုခေမိတအရှင်သူမြတ်က သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၇၂ ပါး၊ သီလရှင်ဆရာကြီး ငါးပါး စုစုပေါင်း ၇၇ ပါး တို့အား ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ် ၂၃ ဦးတို့ကို ဘွဲ့တံဆိပ်အပ်နှင်းခြင်းတို့ကို ဆောင်ရွက်ကြကာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

# ပဲခူးတိုင်းဒေသကြီးအတွင်းမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်/သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ ဆရာတော်/သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ကြွရောက်လာသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ ထေရ်အရှင်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပြည်မြို့ ဆံတော်ရပ်ကွက် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်စာချနာယကဆရာတော် ဘဒ္ဒန္တစန္ဒေ့ဘာသအရှင်သူမြတ်က သမ္ဗောဒနီယကထာမြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူတို့က ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာစရာလင်္ကာဘိဝံသအရှင်မြတ်ထံမှ ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။ ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်များနှင့် သီလရှင်ဆရာကြီးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရရှိမှုမှာ မဟာဂန္ထဝါစကပဏ္ဍိတ ခုနစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ၁၂ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ရှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ခုနစ်ပါး၊ ကမ္မဋ္ဌာနာစရိယ သုံးပါး၊ သီဟသုဓမ္မသိင်္ဂီ တစ်ဦး စုစုပေါင်း ရဟန်း/သံဃာ ၃၆ ပါး၊ သီလရှင် တစ်ပါးနှင့်လူပုဂ္ဂိုလ် တစ်ဦးတို့ရရှိကြကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပ



**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီးရှိ ပုညရှင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယအဓိပတိ သောဌသမရွှေကျင်သာသနာပိုင် သီတဂူအဓိပတိဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက် တိုက်အုပ်နာယက စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရက သမ္ဗောဒနီယဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး လေးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ခြောက်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရသီလရှင်ဆရာကြီး တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရသီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ၄၁ ပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ ဂုဏ်ပြုဆောင်းပါး

# ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များထိန်းသိမ်းစို့

သစ်တောမောင်

**ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**

နှစ်စဉ် မတ်လ ၃ ရက်နေ့သည် **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**- United Nations World Wildlife Day (WWD) ဖြစ်သည်။ ၁၉၇၃ ခုနှစ် မတ်လ ၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် **မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း** (Convention on International Trade in Endangered Species of Wild Fauna and Flora–CITES) သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် နေ့ရက်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင်ကျင်းပခဲ့သော (၆၈)ကြိမ်မြောက်ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မတ်လ ၃ ရက်ကို **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**အဖြစ် ကြေညာသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ကျရောက်သော ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့(WWD)ဆောင်ပုဒ်မှာ ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များထိန်းသိမ်းစို့ (Medicinal and Aromatic Plants: Conserving Health, Heritage and Livelihoods) ဟူ၍ ဖြစ်သည်။ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များ ထိန်းသိမ်းကာကွယ်ရေး၊ အသိပညာမြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ခိုင်မာစေရန်ရည်ရွယ်ထားသည့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး သဘာဝအရင်းအမြစ်များကို အနာဂတ်မျိုးဆက်များအတွက် တည်တံ့စွာထိန်းသိမ်းနိုင်ရေး အထောက်အကူပြုနိုင်ရန်ရည်ရွယ်ထားသည်။ ယခုအခါတွင် **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**သည် ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို အလေးထားဂုဏ်ပြုသည့် နှစ်စဉ်အခမ်းအနားတစ်ရပ်ဖြစ်လာခဲ့သည်။

**ဇီဝမျိုးစုံမျိုးကွဲများ၏အရေးပါမှု**

ဇီဝမျိုးစုံမျိုးကွဲများဆိုသည်မှာ သဘာဝပတ်ဝန်းကျင်အတွင်းရှိ သက်ရှိများ၏ မျိုးစိတ်အမျိုးမျိုး၊ မျိုးရိုးဗီဇကွဲပြားမှုနှင့် ဂေဟစနစ်အမျိုးမျိုးကွဲပြားမှုတို့အကြား ဆက်နွယ်နေမှုဖြစ်ပြီး လူသားဘဝတည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များသည် ဇီဝမျိုးစုံမျိုးကွဲ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများသည်သဘာဝဂေဟစနစ်ဟန်ချက်ကို ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ရည်တိုးစေခြင်း၊ အစာကွင်းဆက်နှင့် ဂေဟစနစ်လုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ မျိုးရိုးကွဲပြားမှုကြောင့် အပင်နှင့် တိရစ္ဆာန်များရောဂါဒဏ်ခံနိုင်စွမ်းမြင့်မားခြင်း၊ ရေစီးဆင်းမှုနှင့် ရေသယံဇာတ၊ မြေဆီလွှာကို ထိန်းသိမ်းပေးခြင်း၊ ကာဗွန်စုပ်ယူသိုလှောင်ပေးခြင်း၊ လေထုညစ်ညမ်းမှုကိုလျှော့ချပေးခြင်းဖြင့် **သဘာဝစနစ်တည်ငြိမ်ရေး**ကို အထောက်အကူပြုပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံအရင်းအမြစ်ဖြစ်သဖြင့် **စားရေရိက္ခာဖူလုံရေး**အတွက် အလွန်အရေးပါသည်။ ဆေးဖက်ဝင်အပင်များအပါအဝင် သဘာဝအပင်များနှင့် သက်ရှိများမှ ဆေးဝါးအသစ်များထုတ်လုပ်နိုင်သဖြင့် **ကျန်းမာရေးနှင့် ဆေးဝါးဖွံ့ဖြိုးရေး** အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်များအစရှိသည့် သစ်တောထွက်ပစ္စည်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိစေနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထောက်ပံ့ပေးခြင်းဖြင့် **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**အတွက်လည်း အလွန်အရေးပါသည်။

**ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များ**

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဆိုသည့်ဆိုရိုးစကားအတိုင်း အပင်အမျိုးမျိုးနှင့်ဆေးဖက်ဝင်အပင်များကို ကျန်းမာရေး၊ အလှအပနှင့် အစားအသောက်များအဖြစ် သုံးစွဲခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တိုင်းရင်းဆေးဖက်ဝင်အပင်များကို ရောဂါကုသမှု၊ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အစဉ်အလာကြီးမားစွာ အသုံးပြုလာကြသည်။

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များ (Medicinal and Aromatic Plants – MAPs) သည်လူသားကျန်းမာရေး၊ လူမှုဘဝသာယာဝပြောရေးနှင့် သဘာဝဂေဟစနစ်တည်ငြိမ်မှုအတွက် မဖြစ်မနေလိုအပ်သော သဘာဝအရင်းအမြစ်များဖြစ်သည်။ အဆိုပါအပင်များသည် ရိုးရာကျန်းမာရေးစနစ်များ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ခေတ်မီဆေးပညာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကာ အလှကုန်၊ အစားအသောက်၊ စိုက်ပျိုးရေးနှင့် အဖိုးတန်လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုမှသည် စက်မှုလုပ်ငန်းများအထိ အမျိုးမျိုးသောလုပ်ငန်းကဏ္ဍများကို ထောက်ပံ့ပေးလျက်ရှိသည်။




ကမ္ဘာတစ်ဝန်းတွင် ဆေးဖက်ဝင်နှင့် ရနံ့မွှေးသောအပင်များ မျိုးစိတ် ၅၀၀၀၀ မှ ၇၀၀၀၀ ခန့်ကို ရောဂါကာကွယ်ရေး၊ ကုသရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု၊ စီးပွားရေးတန်ဖိုးအပေါ် မူတည်ပြီး စုဆောင်းအသုံးပြုလျက်ရှိသည်။ အဆိုပါမျိုးစိတ်များအနက် ၁၃၀၀ နီးပါးသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း (CITES) ၏နောက်ဆက်တွဲများ (Appendices) တွင် ထည့်သွင်းထားပြီး နောက်ဆက်တွဲ ၂ (Appendix II) တွင် မျိုးစိတ် ၈၀၀ ကျော် ပါဝင်သည်။ အဆိုပါနောက်ဆက်တွဲ ၂ တွင် ပါဝင်ခြင်းသည် ထိုမျိုးစိတ်များကို မျိုးသုဉ်းပျောက်ကွယ်မှုမှတားဆီးကာကွယ်နိုင်ရန်အတွက် နိုင်ငံတကာကုန်သွယ်ရာတွင် စနစ်တကျကြီးကြပ်ထိန်းချုပ်စနစ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖော်ပြချက်ဖြစ်ပြီး အလွန်အကျွံထုတ်ယူခြင်း၊ ကုန်သွယ်ခြင်းအပါအဝင် ရေရှည်တည်တံ့မှုမရှိသော ကုန်သွယ်မှုများကြောင့် မျိုးစိတ်များပျောက်ကွယ်နိုင်မှုမဖြစ်စေရန်ကာကွယ်ထားခြင်းဖြစ်သည်။

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များသည် အများပြည်သူကျန်းမာရေးစနစ်များ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအထိသည် မူလကျန်းမာရေးစောင့်ရှောက်မှုအတွက် ရိုးရာဆေးပညာကို အားထားအသုံးပြုနေကြသည်ဟုဆိုပါသည်။ နိုင်ငံပေါင်း ၁၇၀ ခန့်သည် တိုင်းရင်းဆေးဖက်ဝင်အပင်များကို သုံးစွဲလျက်ရှိကြောင်းနှင့် နောက်ဆုံးပေါ်ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်ကို အပူပိုင်းသစ်တောများမှ ရရှိလျက်ရှိကြောင်းသိရသည်။ ခေတ်မီဆေးဝါးများအတွက်အသုံးပြုသော အဓိက



ဒြပ်ပေါင်းများ (Active Drug Compounds) ၏ အများစုမှာ သဘာဝအရင်းအမြစ်များမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်သည်။ ပေါင်းစပ်ဓာတုဗေဒပညာရပ်များ (Synthetic Chemistry) ဖွံ့ဖြိုးတိုးတက်လာသော်လည်းသဘာဝအပင်အရင်းအမြစ်များသည် ဆေးဝါးအသစ်များ ဖန်တီးထုတ်လုပ်ရေးတွင် အရေးပါနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ကျေးလက်နေပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးစုအများစုသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ဆေးဖက်ဝင်အပင်အမျိုးမျိုးကို ရောဂါကုသမှုအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြောင်း သုတေသနစစ်တမ်းများအရသိရသည်။

ရှေးယခင်ကတည်းက အမွှေးနံ့သာပင်များနှင့် ဆေးဖက်ဝင်အပင်များကို တိုင်းရင်းဆေးပညာတွင် အကျိုးရှိစွာအသုံးပြုခဲ့ကြပြီး နံ့သာဖြူ ခေါ် စန္ဒကူး (Santalum album)၊ နံ့သာနီ (Pterocarpus santalinus)၊ သစ်မွှေး ခေါ် အကျော် (Aquilaria malaccensis)၊ ကရမက် (Mansonia gagei)၊ စမွာ ခေါ် စံကားဝါ (Magnolia champaca) တို့ကို နံ့သာငါးပါးဟုပင်ခေါ်ဝေါ်သတ်မှတ်အသုံးပြုကြသည်။ အဆိုပါအပင်များ၏ အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်နှင့် အနှစ်သားများကို စိတ်ရွှင်လန်းစေခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ အရေပြားရောဂါများ၊ သွေးသားသန့်စင်စေခြင်း၊ အနာရောဂါအမျိုးမျိုး စသည့်ရောဂါဝေဒနာများစွာအတွက် ကုသရာတွင် အသုံးပြုခြင်း၊ ၎င်းတို့၏အနှစ်သားမှ အဆီထုတ်ယူ၍ အမွှေးနံ့သာ (နံ့သာငါးပါး)အဖြစ် စီးပွားဖြစ်တွင်ကျယ်စွာအသုံးပြုကြသည်။ ဆေးဖက်ဝင်နှင့် ရနံ့မွှေးသောအပင်များသည် ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးတို့ကိုချိတ်ဆက်ပေးသော အရေးပါသည့် သဘာဝအရင်းအမြစ်များဖြစ်ပြီး အလွန်ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည့်အတွက် ရေရှည်တည်တံ့စေရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်သည်။

**ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တန်ဖိုး**

ဆေးဖက်ဝင်အပင်များ၊ ရနံ့မွှေးသောအပင်များနှင့်ဆက်စပ်သောရိုးရာဆေးပညာဈေးကွက်များသည် အလွန်တန်ဖိုးကြီးသည်။ **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့** (WWD) သတင်းအချက်အလက်ဖော်ပြချက်များအရ တရုတ်ရိုးရာဆေးပညာ၏ ကမ္ဘာလုံးဆိုင်ရာဝင်ငွေသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံခန့်၊ ကိုရီးယားသမ္မတနိုင်ငံတွင် ရိုးရာဆေးပညာကဏ္ဍ၏ နှစ်စဉ်အသုံးစရိတ်သည် ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်၊ အမေရိကန်နိုင်ငံတွင် သဘာဝထုတ်ကုန်များအတွက် ပုဂ္ဂလိကအသုံးစရိတ်သည် ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံခန့်နှင့် ဥရောပတွင် ဆေးဖက်ဝင်အပင်အခြေခံဖြည့်စွက်ဆေးများနှင့် ဆေးဝါးများ၏ ဈေးကွက်တန်ဖိုးသည် နှစ်စဉ်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်ဟုခန့်မှန်းထားသည်။

ကမ္ဘာ့ဆေးဖက်ဝင်အပင်များ ဆေးဝါးဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံမှ ၁၈၆ ဘီလီယံထိရှိခဲ့ကာ ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၇ ဘီလီယံမှ ၂၆၃ ဘီလီယံအထိရှိလာနိုင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၈ ဘီလီယံမှ ၄၃၃ ဘီလီယံအထိ သိသာစွာတိုးတက်လာမည်ဟု ကျွမ်းကျင်သူများကခန့်မှန်းထားကြသည်။ **စာမျက်နှာ ၂၆ သို့** ○

**❍ စာမျက်နှာ ၂၅ မှအဆက်**

တိုင်းရင်းဆေးများသည် အခြားဆေးဝါးများနှင့်နှိုင်းယှဉ်လျှင် ဘေးထွက်ဆိုးကျိုးနည်းခြင်းသည် ကမ္ဘာ့ဆေးဖက်ဝင်အပင်များ ဈေးကွက်ကိုတွန်းအားပေးသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ သဘာဝကုထုံးများကို ပိုမိုနှစ်သက်လာခြင်းနှင့် တိုင်းရင်းဆေးပညာရပ်များအပေါ် ယုံကြည်မှု မြင့်တက်လာခြင်းတို့ကဤကဏ္ဍကို အဓိကတွန်းအားပေးလျက်ရှိပြီး နှစ်စဉ်ပျမ်းမျှ ၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းဝန်းကျင်အထိ လျင်မြန်စွာတိုးတက်လျက်ရှိသည်။

လေ့လာသုတေသနပြုချက်များအရ ဆေးဖက်ဝင်အပင်များကို ကမ္ဘာပေါ်ရှိနိုင်ငံဒေသအသီးသီးတွင် မတူညီသောသုံးစွဲမှုပုံစံများအနေဖြင့် သုံးစွဲကြလျက်ရှိပြီး ဆေးဖက်ဆိုင်ရာသာမက အလှအပရေးရာကဏ္ဍတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြသောကြောင့် ကမ္ဘာတစ်ဝန်းတွင် ဆေးဖက်ဝင်အပင်များနှင့် ရန့်မွှေးသောအပင်များ၏အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။

ဆေးဖက်ဝင်အပင်များနှင့်ရန့်မွှေးသောအပင်များကိုစိုက်ပျိုးခြင်းနှင့် သဘာဝမှစုဆောင်းအသုံးချခြင်းသည်ကမ္ဘာတစ်ဝန်းရှိမိသားစုများအတွက် အရေးကြီးသောဝင်ငွေအရင်းအမြစ်များကို ထောက်ပံ့ပေးလျက်ရှိပြီး လူငါးဦးတွင်တစ်ဦးသည် အစားအစာနှင့်ဝင်ငွေအတွက် တောရိုင်းအပင်များ၊ မှိုမျိုးစိတ်များ (ဥပမာ – Algae နှင့် Fungi ကဲ့သို့သော)ကိုအားထားအသုံးပြုကြသည်ဟုဆိုသည်။ အထူးသဖြင့် ဝေးလံဒေသများတွင်နေထိုင်သောတိုင်းရင်းသားပြည်သူများအတွက် ဆေးဖက်ဝင်အပင်များနှင့် ရန့်မွှေးသောအပင်များသည် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများစွာ ဖန်တီးပေးသည့် ဒေသခံစီးပွားရေးကို ထောက်ပံ့ပေးသော သဘာဝအရင်းအမြစ်များဖြစ်သည်၊ ဆေးဖက်ဝင်နှင့်ရန့်မွှေးသောအပင်များထုတ်လုပ်ရာ မူလဇာတိနိုင်ငံများရှိ ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးမျှဝေမှု (benefit-sharing)ကို တရားမျှတစွာရရှိစေရန်လည်း အထူးအလေးထားစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။

**မြန်မာ့ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး**

မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းများ၊ သစ်တောများ၊ သန္တာကျောက်တန်းများ၊ ရှည်လျားသော ကမ်းရိုးတန်းဒေသနှင့် ကြီးမားကျယ်ပြန့်သည့်မြစ်များအစရှိသည့် အမျိုးအစားစုံလင်လှသောဂေဟာစနစ်များ ပိုင်ဆိုင်ထားခြင်း၊ ဇီဝမျိုးစုံမျိုးကွဲအများအပြားကျက်စားလျက်ရှိခြင်းတို့ကြောင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အလွန်အရေးပါသော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုဆန်းစစ်ခြင်းအစီရင်ခံစာအရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းသည် သစ်တောများဖြင့်ဖုံးလွှမ်းလျက်ရှိပြီး မတူကွဲပြားသောဂေဟာစနစ်အမျိုးမျိုးတွင် တောရိုင်းတိရစ္ဆာန်နှင့် အပင်ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစွာတွေ့နိုင်သည်။

စာရင်းကောက်ယူထားရှိမှုအရ အပင်မျိုးစိတ် ၁၁၈၀၀ ကျော်၊ နို့တိုက်သတ္တဝါမျိုးစိတ် ၃၆၅ ခန့်၊ ငှက်မျိုးစိတ် ၁၁၀၀ ကျော်၊ ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၁၂၀ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၀ မျိုး၊ ရေချိုနှင့်အဏ္ဏဝါငါးမျိုးစိတ် ၁၁၀၀ မျိုး၊ သန္တာမျိုးစိတ် ၁၃၀ ခန့်၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုးနှင့် ပင်လယ်ရေညှိ ၃၈ မျိုးကို မှတ်တမ်းတင်ထားပြီး မျိုးစိတ်အရေအတွက်များ ပိုမိုမှတ်တမ်းတင်နိုင်ရေး သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသော မျိုးစိတ်များ (ဥပမာ – ကျား၊ ဆင်၊ ကျားသစ်၊ ငါးမန်း၊ ငါးလိပ်ကျောက်၊ ဝေလငါး၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ ကြံ့သူတော် စသည့်တောရိုင်းတိရစ္ဆာန်များ)ကို ပိုင်ဆိုင်ထားရာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အလွန်အရေးပါကြောင်းကို သက်သေထူလျက်ရှိသည်။



သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများကို အမျိုးသားဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများစသည့်သဘာဝထိန်းသိမ်းရေးနယ်မြေများ (Protected Area System) တည်ထောင်ထိန်းသိမ်းခြင်းဖြင့် နေရင်းဒေသအတွင်း စီမံခန့်ခွဲအုပ်ချုပ်ထိန်းသိမ်းခြင်း (In-situ Conservation) နည်းလမ်းဖြင့်လည်းကောင်း၊ ရုက္ခဗေဒဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်များ တည်ထောင်ထိန်းသိမ်းခြင်းဖြင့် နေရင်းဒေသပြင်ပ၌ စီမံခန့်ခွဲအုပ်ချုပ်ထိန်းသိမ်းခြင်း (Ex-situ Conservation) နည်းလမ်းတို့ဖြင့် ထိန်းသိမ်းလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လိုအပ်ချက်အပေါ် မူတည်၍ Single Species Action Plan (SSAP) ဟုခေါ်ဆိုသည့် မျိုးစိတ်တစ်ခုချင်းစီအတွက် ရေးဆွဲသောလုပ်ငန်းစီမံချက်များကိုလည်း နိုင်ငံတကာကွန်ဗင်းရှင်းများ၊ အဖွဲ့အစည်းများမှ ရေးဆွဲထုတ်ပြန်လျက်ရှိရာ သစ်တောဦးစီးဌာနအနေဖြင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသော သို့မဟုတ် အထူးဂရုပြုထိန်းသိမ်းရန်လိုအပ်သည့်တောရိုင်းတိရစ္ဆာန်တစ်ခုချင်းစီအတွက် လိုက်နာဆောင်ရွက်လျက်ရှိသည်။

တောရိုင်းတိရစ္ဆာန်များသည် နေရာပြောင်းရွှေ့နိုင်သည့်သက်ရှိများဖြစ်သည့်အတွက် သင့်လျော်သည့်ကျက်စားနယ်မြေများကိုသတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းခြင်းအားဖြင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်တိုးပွားစေနိုင်သည်။ သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်ဖွဲ့စည်းခြင်းလုပ်ငန်းကို နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အဓိကမူဝါဒအဖြစ် ချမှတ်ကာ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းလျက်ရှိရာ ယနေ့အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၈ ရာခိုင်နှုန်းကို ဖွဲ့စည်းသတ်မှတ်ထားပြီး နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် “ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ” နှင့်အညီ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များထိန်းသိမ်းခြင်း၊ သဘာဝတောအတွင်းရှိသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ၏ ရှင်သန်ကျက်စားမှုကိုမထိခိုက်စေဘဲ မွေးမြူပြသနိုင်ရေးအတွက်စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း (Convention on Biological Diversity-CBD) အဖွဲ့ဝင်နိုင်ငံအဖြစ် ကတိကဝတ်များကို ဖြည့်ဆည်းရန်နှင့် သဘာဝသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်ရန်အတွက် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက် (NBSAP)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ မူဘောင်သစ်ဖြစ်သည့် Kunming-Montreal Global Biodiversity Framework (KMGBF)နှင့် လိုက်လျောညီထွေဖြစ်စေရန် လက်ရှိတွင် NBSAP ကို အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ ဤသို့ပြင်ဆင်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ်(၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ)နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) များအား အကောင်အထည်ဖော်ရာတွင် တွေ့ရှိခဲ့သည့် အားနည်းချက်နှင့် အားသာချက်များကိုအခြေပြု၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေတိုးချဲ့ဖွဲ့စည်းခြင်း၊ မျိုးစိတ်အလိုက် ထိန်းသိမ်းရေးစီမံချက်များ ရေးဆွဲခြင်း၊ မျိုးစိတ်ဆိုင်ရာ သုတေသနဆောင်ရွက်ခြင်းများကို အကျိုးဆက်စပ်ပတ်သက်သည့် ကဏ္ဍစုံပေါင်းစပ်မှုနှင့် ဒေသခံလူထု ပူးပေါင်းပါဝင်မှုအပိုင်းများကိုပါ ပိုမိုအားဖြည့်ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

**သစ်တောများပြုန်းတီးခြင်း၊ နေရင်းဒေသများ ပျက်စီးလျော့နည်းလာခြင်း၊ အလွန်အကျွံခုတ်ယူစုဆောင်းခြင်း၊ တရားမဝင်ကုန်သွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲအကျိုးဆက်များကြောင့် ဆေးဖက်ဝင်အပင်များနှင့် ရန့်မွှေးသောအပင်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ အပင်များနှင့်ဇီဝမျိုးစုံမျိုးကွဲများသည် ပျက်စီးဆုံးရှုံးသည့် အန္တရာယ်များတိုးပွားလျက်ရှိပြီး ကာကွယ်ထိန်းသိမ်းခြင်းသည် အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ် . . .**

**ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ဆေးဖက်ဝင်အပင်နှင့် ရန့်မွှေးသောအပင်များထိန်းသိမ်းစို့**

**ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့** ဆောင်ပုဒ်သည် သဘာဝအပင်အမျိုးအစားများ၏တန်ဖိုးကို ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာအရေးပါမှုရှုထောင့်သုံးမျိုးဖြင့် တစ်ပြိုင်နက်တည်း မီးမောင်းထိုးပြသလျက်ရှိသည်။ သစ်တောများပြုန်းတီးခြင်း၊ နေရင်းဒေသများ ပျက်စီးလျော့နည်းလာခြင်း၊ အလွန်အကျွံခုတ်ယူစုဆောင်းခြင်း၊ တရားမဝင်ကုန်သွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲအကျိုးဆက်များကြောင့် ဆေးဖက်ဝင်အပင်များနှင့်ရန့်မွှေးသောအပင်များ အပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် ပျက်စီးဆုံးရှုံးသည့်အန္တရာယ်များ တိုးပွားလျက်ရှိပြီး ကာကွယ်ထိန်းသိမ်းခြင်းသည် အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာခဲ့သည်။ သင့်လျော်ကောင်းမွန်မျှတသည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ သုတေသနအခြေပြုတီထွင်ဖန်တီးမှု၊ စီမံခန့်ခွဲမှု၊ ရိုးရာဗဟုသုတများနှင့် ခေတ်မီသိပ္ပံနှင့်နည်းပညာများ ပေါင်းစပ်အသုံးချမှု၊ စဉ်ဆက်မပြတ် စုပေါင်းကြိုးပမ်းအားထုတ်မှုများဖြင့် သဘာဝအန္တရာယ်များနှင့် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများကို ရပ်တန့်စေပြီး အဖိုးတန်သဘာဝအရင်းအမြစ်များနှင့် ဂေဟစနစ်များပြန်လည်ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းကြရမည်ဖြစ်သည်။

ဆေးဖက်ဝင်အပင်များနှင့်ရန့်မွှေးသောအပင်များကိုသဘာဝတောများမှစုဆောင်းရာတွင် စည်းကမ်းတကျစီမံခန့်ခွဲဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ခြင်း၊ ဒေသခံပြည်သူလူထုပါဝင်သည့် ထိန်းသိမ်းရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းတို့သည် အရေးကြီးလှသည်။ ထို့ပြင် သုတေသနနှင့် ခေတ်မီနည်းပညာများအသုံးပြု၍ အပင်မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထိန်းသိမ်းကာ တန်ဖိုးမြှင့်ထုတ်ကုန်များဖန်တီးထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအကျိုးကျေးဇူးများကိုလည်း တိုးမြှင့်နိုင်မည်ဖြစ်သည်။

ယနေ့ တစ်ဦးတစ်ယောက်ချင်းစီ၏ ဆောင်ရွက်ချက်များသည် နောင်အနာဂတ်မျိုးဆက်များအတွက် ကျန်းမာရေးကောင်းမွန်သောလူမှုအသိုင်းအဝိုင်း၊ ယဉ်ကျေးမှုအမွေအနှစ်မပျက်စီးသော လူမျိုးတစ်ရပ်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ပိုင်ဆိုင်စေမည့် အခြေခံအုတ်မြစ်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ဆေးဖက်ဝင်အပင်နှင့် မွှေးရန့်ရှိသောအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများကို တန်ဖိုးထားလေးစားကာ ပူးပေါင်းထိန်းသိမ်းကြပါစို့။ သဘာဝနှင့်သဟဇာတညီညွတ်မျှတစွာနေထိုင်နိုင်သော ကမ္ဘာတစ်ခုအတွက် တောရိုင်းတိရစ္ဆာန်များကို သနားချစ်ခင်ကာ ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**ကို ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

# ကျောက်ဆည်ခရိုင်အတွင်း နွေစပါးနှင့် နွေသီးနှံများစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေများစတင်ဖြန့်ဝေပေးလျက်ရှိ



ကျောက်ဆည် မတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း ဒေသခံတောင်သူများ နွေစပါးနှင့်နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဇော်ဂျီရေသောက်စနစ်ရှိ မြို့ကြီးရေလှောင်တမံနှင့် ရေလွှဲဆည်များမှ တစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရန် နှစ်စဉ် မြို့ကြီးရေလှောင်တမံနှင့်ရေလွှဲဆည်များမှတစ်ဆင့် ဇော်ဂျီရေသောက်စနစ်နှင့် ကင်းတားလက်ယာရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းများမှ လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေပေးသည့်အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိကာ နွေသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိဒေသခံတောင်သူများ သီးနှံမျိုးစုံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံနှင့်ရေလွှဲဆည်များမှ ဆည်ရေများကို ဖေဖော်ဝါရီလ ၁၅ ရက်မှ စတင်ဖြန့်ဝေပေးခဲ့ပြီး မြစ်သားမြို့နယ်အတွင်း ကင်းတားလက်ယာရေသောက်စနစ်လယ်ယာမြေများသို့လည်း မြို့ကြီးရေလွှဲဆည် မြို့ကြီး မြောင်းမတော်(၁)မှတစ်ဆင့် ဖေဖော်ဝါရီလ ၂၃ ရက်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၁၈၆၂၇ ဧက၊ နွေနှမ်းနှင့် တခြားသီးနှံ ၉၀၆၈၈ ဧက စုစုပေါင်း ၁၀၉၃၁၅ ဧကကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# တွံတေးမြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၁၅ နှစ်အောက်ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်အတွင်း ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွင် အသက်ကိုးလမှ ၁၅ နှစ်အောက်ကလေးငယ်များအား ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ဝက်သက်-ဂျိုက်သိုးရောဂါ (MR) ကာကွယ်ဆေးများကို စနစ်တကျ စာရင်းသွင်း၍ ထိုးနှံပေးခဲ့ပြီး ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြသည်။



တွံတေးမြို့နယ်အတွင်း ကလေးငယ်များ ရောဂါကင်းဝေးစေရန်နှင့် ကျန်းမာရေးကောင်းမွန်စေရန် ရည်ရွယ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များ ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းများဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ညောင်ရွှေ မတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းပေါခုံကျေးရွာအုပ်စု တောင်ပို့နီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ်လ ၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက တောင်ပို့နီကျေးရွာ၌ ရန်ပုံငွေ ငွေကျပ် ၁၀ သန်းဖြင့် ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများကို ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ကျေးရွာလုပ်ငန်းအဖွဲ့၊ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစီမံကိန်းဖြင့် အင်းပေါခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့အား ငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# မုဒုံမြို့ရှိ ကန်ကလေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ



မုဒုံ မတ် ၂

မွန်ပြည်နယ် မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကလေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မတ်လ ၂ ရက်တွင် ကန်ကလေးကန်အတွင်း၌ ကျင်းပသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲတွင် မြို့ပေါ်လှေလှော်အသင်း ရှစ်သင်း၊ ကျေးရွာလှေလှော်အသင်းသုံးသင်း စုစုပေါင်း လှေလှော်အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပထမပွဲစဉ်အဖြစ် ချစ်ရေလှိုင်းလှေလှော်အသင်းနှင့် နိုင်ပန်းအောင်လှေလှော်အသင်းတို့ ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး မြို့ပေါ်အသင်းများအား ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်း၊ စတုတ္ထဆုနှစ်သိန်း၊ ကျေးရွာအသင်းများအား ပထမဆု လေးသိန်း၊ ဒုတိယဆု နှစ်သိန်းခွဲ၊ တတိယဆု တစ်သိန်းခွဲ၊ တံခွန်စိုက်ဒိုင်းဆုများနှင့် အထူးဆုများကို အသီးသီးချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)

# မော်လမြိုင်မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးဆုံးရှုံးမှု မရှိစေရေး အသိပညာပေးဟောပြော

မော်လမြိုင် မတ် ၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို မတ်လ ၁ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မော်လမြိုင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းတို့က အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ဆောင်ချက်များကို ပြောကြားပြီး မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်ဌေးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး အသိပညာပေးဟောပြောသည်။

ထို့နောက် မော်လမြိုင်မြို့နယ် ဒုတိယဥပဒေအရာရှိ ဒေါ်နှင်းယုထွေးက အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# လီဗာပူးအသင်းက ဆိုဘော့ဆလိုင်အား ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

လန်ဒန် မတ် ၂

လီဗာပူးအသင်းက အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေပြီး အနာဂတ်မရေမရာဖြစ်နေသည့် အဓိကကွင်းလယ်ကစားသမား ဆိုဘော့ဆလိုင်အား ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဆိုဘော့ဆလိုင်သည် ၂၀၂၃ ခုနှစ်က လိုက်ပဇစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ယခုဘောလုံးရာသီတွင်လည်း အသင်းအတွက် အရေးပါသည့်သွင်းဂိုးများ သွင်းယူနိုင်ပြီး အရေးအပါဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

အစောပိုင်းက ဆိုဘော့ဆလိုင်အား စပိန်ထိပ်သီး ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းလာဖွယ်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းသည် ဆိုဘော့ဆလိုင်ငယ်စဉ်ကတည်းက ကစားလိုသည့် ကလပ်အသင်းဖြစ်သည့်အတွက် ဆိုဘော့ဆလိုင်ကိုယ်တိုင်က ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် လီဗာပူးအသင်းကလည်း အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး စာချုပ်သစ်တွင် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် သုံးသိန်းအထိရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref;Top Skills Sports UK



# အပြောင်းအရွှေ့သတင်းများကိုအဆုံးသတ်ပြီး နယူးကာဆယ်အသင်း၌သာ ဆက်လက်ကစားရန် ကွင်းလယ်ကစားသမား တိုနယ်လီဆုံးဖြတ်ထား

လန်ဒန် မတ် ၂

လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီ အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေသည့် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနယ်လီသည် လာမည့်ဘောလုံးရာသီတွင်လည်း အသင်း၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် တိုနယ်လီသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ နယူးကာဆယ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာ ၂၀၃၀ ပြည့်နှစ်မှ ကုန်ဆုံးမည်ဖြစ်သည်။

တိုနယ်လီသည် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်ပထမဆုံး ဘောလုံးရာသီတွင်ပင် လောင်းကစားမှုတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် ၁၀ လကြာ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ဘောလုံးလောကနှင့် ဝေးကွာခဲ့ရသူဖြစ်သည်။

တိုနယ်လီသည် ၎င်းကာလရှည်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသည့်အချိန်တွင် နယူးကာဆယ်အသင်းက ၎င်းဘက်မှ အပြည့်အဝကာကွယ်မှုများလုပ်ဆောင်ပေးခဲ့သည့်အတွက် အသင်းမှထွက်ခွာရန် ထွက်ပေါ်နေသည့်သတင်းများကို ပယ်ချပြီး အသင်း၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက နယူးကာဆယ်အသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက ကွင်းလယ်ကစားသမား တိုနယ်လီက အသင်းမှထွက်ခွာရန် စီစဉ်နေပြီး ထိပ်တန်းကလပ်အသင်းများဖြစ်သည့် အာဆင်နယ်အသင်း၊ မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့မှ အသင်းတစ်သင်းထံ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ အပြောင်းအရွှေ့သတင်းများကို အဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

# မက်ဆီဦးဆောင်နေသည့် အင်တာမိုင်ယာမီအသင်း အိမ်ဖြူတော်သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခံရ



ဝါရှင်တန် မတ် ၂

မက်ဆီဦးဆောင်နေသည့် အင်တာမိုင်ယာမီအသင်းသည် အိမ်ဖြူတော်သို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခံရသည့်အတွက် အင်တာမိုင်ယာမီအသင်းသည် အိမ်ဖြူတော်သို့ သွားရောက်လည်ပတ်ခွင့်ရရှိမည့် ပထမဆုံးကလပ်အသင်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အင်တာမိုင်ယာမီအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမေရိကန်နိုင်ငံ ဘောလုံးလောကတွင် အဆင့်အမြင့်ဆုံးချန်ပီယံဆုဖလားဖြစ်သည့် MSL CUP ကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုသည့်အနေဖြင့် မတ်လ ၅ ရက်တွင် အမေရိကန်နိုင်ငံ၏ အထင်ကရဖြစ်သော အိမ်ဖြူတော်၌ အင်တာမိုင်ယာမီအသင်းကို ဖိတ်ခေါ်ပြီး ဂုဏ်ပြုတွေ့ဆုံမည်ဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ၂၀၂၅ ခုနှစ်ကလည်း လက်ရှိဘောလုံးလောကတွင် အကောင်းဆုံးကစားသမားအဖြစ်ရပ်တည်နေသည့် အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုကို အိမ်ဖြူတော်သို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ပြီးနောက် လအနည်းငယ်အကြာတွင် မက်ဆီဦးဆောင်နေသည့် အင်တာမိုင်ယာမီအသင်းကိုလည်း အိမ်ဖြူတော်သို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အိမ်ဖြူတော်သို့ သွားရောက်လည်ပတ်ခွင့်ရရှိမည့် ကလပ်အသင်း တစ်သင်းမှမရှိသေးဘဲ အင်တာမိုင်ယာမီအသင်းအနေဖြင့် မတ်လ ၅ ရက်တွင် သွားရောက်လည်ပတ်မည်ဆိုပါက အိမ်ဖြူတော်သို့ သွားရောက်လည်ပတ်သည့် ပထမဆုံးကလပ်အသင်း ဖြစ်လာမည်ဖြစ်သည်။

မန်ယူအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းပူးတွဲပိုင်ဆိုင်သော အင်တာမိုင်ယာမီအသင်းကို ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အသင်းသက်တမ်းမှာ နှစ်အနည်းငယ်သာရှိသေးသော်လည်း ၂၀၂၃ ခုနှစ်က မက်ဆီကို ခေါ်ယူခဲ့ပြီးနောက် အသင်းပိုရိပ်မှာ မြင့်တက်လာကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မေဂျာလိဂ်ပြိုင်ပွဲ၌ MSL CUP ဆွတ်ခူးနိုင်ခဲ့သည်အထိ အောင်မြင်မှုများရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref;Goal.com

# အင်တာမီလန်အသင်းက ဘာရယ်လာအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၆၁ သန်းသတ်မှတ်

မီလန် မတ် ၂

အင်တာမီလန်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်း အပါအဝင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန်စီစဉ်နေသည့် အသင်းမှ ကွင်းလယ်ကစားသမား ဘာရယ်လာအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၆၁ သန်း သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဘာရယ်လာသည် ၂၀၁၉ ခုနှစ်က ကက်ဂလီယာရီအသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ စီးရီးအေပြိုင်ပွဲ၌ အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ ဝါရှင့်ကွင်းလယ်ကစားသမား ကက်စ်မဲရီးအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးကာ အသင်းမှထွက်ခွာမည်ဖြစ်သောကြောင့် ၎င်း၏နေရာ၌ အစားထိုးရန် ကစားသမားရှာဖွေမှုများလုပ်ဆောင်နေပြီး ဘာရယ်လာကိုလည်း ခေါ်ယူမည့်ကစားသမားစာရင်းတွင် ထည့်သွင်းထားသည့်အတွက် အင်တာမီလန်အသင်းက ပြောင်းရွှေ့ကြေးသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;FootballItalia

# Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) တွင်“တောင်သူကိုဗဟိုပြုသော ဂေဟစနစ်အခြေပြုစိုက်ပျိုးရေးစနစ်”နှင့် “ဇီဝစီးပွားရေး” ခေါင်းစဉ်ဖြင့် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပလျက်ရှိသည့် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ၏ ဒုတိယနေ့ဖြစ်သော ယနေ့နံနက်ပိုင်းတွင် “တောင်သူကိုဗဟိုပြုသော ဂေဟစနစ်အခြေပြုစိုက်ပျိုးရေး စနစ်” နှင့် “ဇီဝစီးပွားရေး” ခေါင်းစဉ်ဖြင့် (၁၀၄) ကြိမ်မြောက်တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က ဂေဟစနစ်အခြေပြု စိုက်ပျိုးရေး၏ အဓိပ္ပာယ်နှင့်လိုအပ်ချက်များ၊ တောင်သူဗဟိုပြုချဉ်းကပ်မှု၏ အကျိုးကျေးဇူး၊ လက်တွေ့အသုံးချနည်းစနစ်များ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းနည်းလမ်းများ၊ မူဝါဒပိုင်းဆိုင်ရာပံ့ပိုးကူညီမှုတို့အပြင် ဇီဝစီးပွားရေး၏ အဓိပ္ပာယ်နှင့် ခေတ်သစ်စိုက်ပျိုးရေးတွင် အရေးပါလာပုံ၊ ဇီဝစီးပွားရေးနှင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ စိုက်ပျိုးရေး ဇီဝစီးပွားရေး (Agri-bioeconomy) မြှင့်တင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရေး အလားအလာများ၊ ဇီဝစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် နည်းပညာဆိုင်ရာဆောင်ရွက်ချက်များ၊ စက်မှုကုန်ကြမ်း၊ ဇီဝလောင်စာနှင့်ဇီဝထုတ်ကုန်များ အဏုဇီဝအသုံးပြုထုတ်ကုန်များထုတ်လုပ်ရေးတွင် တောင်သူများ၏အခန်းကဏ္ဍ၊ ဇီဝစီးပွားရေးမြှင့်တင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများနှင့်ဈေးကွက်ရရှိရေးအတွက် ဈေးကွက်ဝင်သီးနှံများကို လူထုအခြေပြုစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးသည်။

ခေတ်မီစိုက်ပျိုးရေးစနစ်များဖြစ်သည့် ဂေဟစနစ်အခြေပြု စိုက်ပျိုးရေးနှင့် ဇီဝစီးပွားရေး (Bioeconomy) ဆိုင်ရာအသိပညာဗဟုသုတများ တောင်သူများထံ ပြန့်ပွားရောက်ရှိစေရန်၊ တောင်သူများ၏ လက်တွေ့ပြဿနာများနှင့် အတွေ့အကြုံများကို သုတေသီများနှင့် ပြန်လည်မျှဝေခြင်းဖြင့် သုတေသနလုပ်ငန်းများ တောင်သူဗဟိုပြုဖြစ်လာစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ တောင်သူနည်းပညာဆွေးနွေးပွဲ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို အနီးကပ်သိရှိပြီး သက်ဆိုင်ရာမူဝါဒနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တောင်သူများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်နှင့် ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးနည်းစနစ်များ၊ ဇီဝစီးပွားရေးအခြေပြု စိုက်ပျိုးထုတ်လုပ်မှုများ ကျင့်သုံးလာစေရေးအားပေးမြှင့်တင်နိုင်ရေး၊ အိမ်ခြံဝင်းအော်ဂဲနစ်စနစ်ကျင့်သုံးရေးအလေးထားဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပြန့်ပွားရေးပညာရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူများနှင့် ဌာနတာဝန်ရှိသူများ အများအပြားတက်ရောက်ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းဆွေးနွေးခဲ့ကြကြောင်း၊ မတ်လ ၁ ရက်မှ ၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) တွင် လယ်ယာသီးနှံ ၁၀ မျိုး၏ မျိုးပြား ၈၁ မျိုး၊ ဟင်းသီးဟင်းရွက် သီးနှံ ၂၄ မျိုး၏ မျိုးပြား ၅၃ မျိုးတို့အပြင် ပြခန်းများအနေဖြင့် ဌာနနှစ်ခုနှင့် ကုမ္ပဏီ ၃၄ ခုတို့ ခင်းကျင်းပြသထားပြီး ပြပွဲကာလအတွင်း မည်သူမဆိုအခမဲ့လာရောက်လေ့လာနိုင်ကြကြောင်း သိရသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မတ် ၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်နေခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud) လုပ်ငန်းများတွင်ပါဝင်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးအား ပြည်နှင်နိုင်ရေးစစ်ဆေးဆောင်ရွက်စဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၁၅ | ၂၅၃၀ | ၂၄၈၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၇၀ | ၂၄၉၀ | ၄၅၁၅ | ၂၇၈၀ | ၂၅၁၅ | ၂၆၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၅ | ၂၈၂၀ |
| 95 Ron | ၂၄၈၀ | ၂၅၉၀ | ၂၅၆၀ | ၂၄၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၅၀ | ၄၅၆၀ | ၂၈၄၅ | ၂၅၆၅ | ၂၇၃၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၂၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၈၀ | ၂၆၄၅ | ၂၅၈၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၂၀ | ၂၆၃၅ | - | ၂၉၃၀ | ၂၆၅၅ | ၃၀၃၅ | ၂၇၂၅ | ၂၆၉၀ | ၂၇၁၀ | ၂၉၇၀ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၃၀၀၀ | ၂၉၁၅ | ၄၈၃၀ | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၃၀၀၀ | ၂၉၁၅ | - | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |

**မှတ်ချက်။**(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၃ | ၂၃၄၂ |
| 95 Ron | ၂၃၂၃ | ၂၄၀၃ |
| HSD (500 ppm) | ၂၄၀၈ | ၂၄၈၆ |
| HSD (50 ppm) | ၂၆၇၉ | ၂၇၆၂ |
| HSD (10 ppm) | ၂၆၇၉ | ၂၇၆၂ |

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၄၀၁၇၄၈၅၉၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၂

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် ဟုမ္မလင်းမြို့နယ်၊ ခိုပဲဝရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၁၄၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၇၁၅၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် ပဲခူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ (၇ ဒသမ ၉၂၁)တန်၊ အခြားသစ် (၁ ဒသမ ၆၅၆)တန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၂၀၃၂)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၄ ရက်နှင့် ၂၅ ရက်**တို့တွင် ငဖဲမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြို့သစ်မြို့နယ်အတွင်း၌ တရားမဝင်ပေါင်(၃၀) ဝင်မီးသွေး (၃၂)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်၊ သဲကျွန်းကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း (၂)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၅၉၇၈)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၁၉၇၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် ရမည်းသင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ပလိပ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၇ ရက်**တွင် မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆၈၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး၊ Nissan Vanette (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၆၈၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၅ ရက်**တွင် ပုသိမ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၆ ရက်**တွင်မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်လမ်းဆုံ၌ စုပုံထားသည့် အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၄၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်နေ့တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၁၇၂၂၀၁၀)**ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် ကျောက်တံခါးမြို့နယ်၊ သာယာဝတီမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၀၃၄)တန်၊ သစ်မာ (သုည ဒသမ ၅၉၇)တန်၊ အခြားသစ်(၂ ဒသမ ၈၄၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၇၄၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၇၄၄၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၁ ရက်**တွင် ပွင့်ဖြူမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၇ ရက်**တွင် မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Vigo (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၁၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၂ ရက်**တွင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၀၈၃)တန်၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၇ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ၂၂ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၇၃၄၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**(အိတ်ဖွင့်လေလံရောင်းချခြင်း)**

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် နှစ်ကာလကြာမြင့်၍ ချွတ်ယွင်းပျက်စီးနေသောအသုံးပြု၍မရတော့သည့် 33kV နှင့်11 kV Panel ပုံးခွံအဟောင်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။
၂။ လေလံပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၃-၃-၂၀၂၆) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ လေလံပိတ်ရက်မှာ(၁၆-၃-၂၀၂၆)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရွေးချယ်ရေးအဖွဲ့**

**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)အရ Yi Shein Company Limited ရင်ရှိန်းကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၈၉၀၄၃၃၆(၁၄-၁၂-၂၀၂၀)၏ ဖျက်သိမ်းခြင်းကို (၂-၄-၂၀၂၆)နေ့ နံနက် (၉:၀၀)နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကိုကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံးမပျက်မကွက် အောက်ပါလိပ်စာအတိုင်းတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရှေ့နေအမည် - ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)
ရှေ့နေလိပ်စာ - အမှတ်(၅၀)၊ ၅၆လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ပျောက်ဆုံးကြောင်း**
မခိုင်ပွင့်ဖြူ(ဘ)ဦးတူးတူး ၅/ဗမန(နိုင်) ၀၇၀၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
စန်းစန်းတင့်(ဘ)ဦးတင်ကြည် ၁၂/ဥကတ(နိုင်)၀၁၉၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
သန်းသန်းဆွေ(ဘ)ဦးလှရွှေ ၉/ကပတ(နိုင်) ၁၄၄၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၆၀၅၅၈၆

**ပျောက်ဆုံးကြောင်း**
ညီညီလေး(ဘ)ဦးဘိုးထွေး ၅/ကလန(နိုင်) ၀၃၈၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၄၀၄၁၆၈၀

**ပျောက်ဆုံးကြောင်း**
ဇော်မင်းအေး(ဘ)ခင်မောင်ကြည် ၁၁/တကန(နိုင်)၀၆၀၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
နော်ဟဲဘလူစေး(ဘ)စောသက်ခိုင် ၁၄/ဘကလ(နိုင်)၄၁၃၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
ဦးသက်တင်(ဘ)ဦးလွန်းစိန် ၁၀/ခဆန(နိုင်) ၀၀၇၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၇၀၇၈၀၆၃

**ပျောက်ဆုံးကြောင်း**
မျိုးသူရ(ဘ)ဦးသီဟန် ၉/ဝတန(နိုင်) ၂၃၄၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 959757)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
မင်းသန့်(ဘ)ဦးသောင်းတင်စိန် ၁၄/မမန(နိုင်)၃၁၄၄၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 457035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
အေးစန္ဒာ(ဘ)ဦးမြင့်ဆွေ ၇/မလန(နိုင်) ၁၀၄၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
ဝင့်ဝါဝါဦး(ဘ)ဦးငွေးကို ၅/ကလထ(နိုင်) ၃၁၇၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၈၂၀၇၃၈

**ပျောက်ဆုံးကြောင်း**
သန္တာခိုင်(ဘ)ဦးစောရှိန် ၉/စကတ(နိုင်) ၁၀၄၅၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
လင်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်းနေ မောင်စည်သူနန္ဒ ၁၂/စခန(နိုင်)၀၇၆၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၅၃၂၈၄၅

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဖလူးကျေးရွာအုပ်စု၊ မင်းလက်ပံကျေးရွာ၊ သပြေလမ်းနေ ဒေါ်မိမိခိုင်(ဘ)ဦးမောင်မြင့် ၁၂/သဃက(နိုင်)၀၅၃၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၅၃၂၈၄၅

**အမည်မှန်နှင့်ဖခင်အမည်မှန်**
ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်း။ ကျောင်းဝင်အမှတ်(၀၄၀၁) Grade-4 မှ စောကောင်းပြည့်လျှံလင်း၏အမည်မှန်မှာ စောဟင်နရီနိုဘယ်ထူးဖြစ်ပြီး ဖခင်အမည်မှန်မှာ စောမိုးဇက်သက်ထွန်းဖြစ်ပါကြောင်း။
စောဟင်နရီနိုဘယ်ထူး၊
စောမိုးဇက်သက်ထွန်း

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

စာပေမြင့်မှ လူမျိုးတင့်မည်

**ပျောက်ဆုံးကြောင်း**
လဲ့လဲ့ဝင်း(ဘ)ဦးသန်း ၁၂/ဗဟန(နိုင်) ၀၆၄၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇင်သူလှိုင်(ဘ)ဦးလှတင် ၁၄/ဇလန(နိုင်)၂၁၆၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 798345)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၃၇၇၇

**ပျောက်ဆုံးကြောင်း**
မောင်အာကာဖြိုး(ဘ)ဦးစိုးဝင်း ၈/တတက(နိုင်)၂၈၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၃၇၇၇



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
YANGON
AIBA
Prize Jury 2016
EUROPEAN BEER STAR
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
The Best Quality Tyre
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ကားတာယာ
သုံးဘီးတာယာ
ဆိုင်ကယ်တာယာ
WQA




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၅/၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့ မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(စ)အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံကိုလွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**



တောင်ငူအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသား၊ အကျဉ်းသူများကို မိဘဆွေမျိုးမိသားစုများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

# (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြု

နေပြည်တော် မတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ယနေ့တွင် ကျရောက်သည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှု၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊

စာမျက်နှာ ၈ ကော်လံ ၁ ❍


ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်များထုတ်ပြန် စာ - ၇ သို့

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် ကြားနာစစ်ဆေးဆဲ အမှုများကို ပိတ်သိမ်း စာ - ၇ သို့

(မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ) စာ - ၂၂ သို့

ပါကစ္စတန်၏ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး အာဖဂန်ပြည်သူ ၁၇ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရ စာ - ၂၃ သို့



